မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၉၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုပေးခဲ့ ယခုနှစ်တွင် ရွေးကောက်ပွဲများကို စနစ်တကျ ကျင်းပပေးရေးအတွက် စီမံဆောင်ရွက်လျက်ရှိ

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်အောင်မြင်ရေး တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၀ပြည့်နှစ်၊ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ-

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သော ဤနေ့ထူးနေ့မြတ် အခါသမယတွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားပြည်သူအပေါင်းတို့အား ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သပါသည်။

တိုင်းရင်းသားသွေးချင်းများ စည်းလုံးညီညွတ် ချစ်ကြည်ရင်းနှီးစွာ နေထိုင်လျက်ရှိကြသော အမိမြန်မာနိုင်ငံတော်သည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ရှေးပဝေသဏီကတည်းက အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ ရပ်တည်ခဲ့ပေသည်။

ရှုပ်ရှုပ်ချုံချုံ တွန်းလှန်တိုက်ခိုက်

မြန်မာနိုင်ငံသည် ၁၉ရာစုနှောင်းပိုင်းတွင် ကိုလိုနီနယ်ချဲ့တို့၏ လက်အောက်သို့ ကျရောက်ခဲ့ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေး ဆုံးရှုံးခဲ့ရပေသည်။ မျိုးချစ်စိတ်ဓာတ် ထက်သန်သော ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုသော မျိုးချစ်စိတ်ဓာတ်တို့ဖြင့် ရှုပ်ရှုပ်ချုံချုံ တွန်းလှန်တိုက်ခိုက်ခဲ့ခြင်းကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၆၂)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ဝင့်ကြွားဂုဏ်ယူ

တိုင်းရင်းနွယ်ဖွား နိုင်ငံသားတို့သည် သမိုင်းပေးသင်ခန်းစာများဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော အမျိုးသားရေးတာဝန်ကို အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသောကြောင့် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ဝင့်ကြွားဂုဏ်ယူစွာ ဆက်လက်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပေသည်။

သာလွန်မြင့်မား

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ အန္တရာယ်ကို အစဉ်အမြဲသတိစွဲလျက် မှန်ကန်သည့် အမျိုးသားရေးမူဝါဒ၊ ထက်သန်သည့် မျိုးချစ်စိတ်ဓာတ်တို့ဖြင့် အမိမြန်မာနိုင်ငံတော်ကြီး ထာဝရအစွန့်ရှည် တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက်ဖော်ဆောင်ကြရပေမည်။ ယခုအခါ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏စားဝတ်နေမှု ပြည့်စုံလုံခြုံရေးတို့အတွက် စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။ ထိုသို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးကို အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်အဖြစ်ခံယူပြီး အားသွန်ခွန်စိုက် တည်ဆောက်နေခြင်းသည် နိုင်ငံတော်၏ အနာဂတ်အတွက် ခိုင်မာသည့် အခြေခံအုတ်မြစ်များကို တည်ဆောက်ပေးနေခြင်းပင်ဖြစ်ပေသည်။ နိုင်ငံတော်ကို တည်ဆောက်နေချိန်တွင် နာဂစ်မုန်တိုင်းအန္တရာယ်ကြီးနှင့် မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရရာ ထိခိုက်ခဲ့ရသော ဒေသများတွင် ကယ်ဆယ်ရေး၊ နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြန်ဆန်ထိရောက်စွာဖြင့် မူလအခြေအနေထက် သာလွန်မြင့်မားစွာ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းသည် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုနှင့် စွမ်းဆောင်နိုင်မှု၏ သာဓကတစ်ရပ်ပင်ဖြစ်ပေသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင်ကမ္မဋ္ဌာန်း နည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၀)ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၀)ကိုလည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်း သင်္ဂဟတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၁၀)ကိုလည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၁၀)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၅/၂၀၁၀)ကိုလည်းကောင်း၊ ရဲမှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ်(၆/၂၀၁၀)ကိုလည်းကောင်း၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၇/၂၀၁၀)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၁၀)ကိုလည်းကောင်း ၂၀၁၀ပြည့်နှစ် ဇန်နဝါရီ ၄ရက် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ **(ယနေ့)** တွင် ထုတ်ပြန်ကြေညာလိုက်သည်။

(သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ်၊ ၁/၂၀၁၀
၁၃၇၁ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ရက်
(၂၀၁၀ပြည့်နှစ်၊ ဇန်နဝါရီလ ၄ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်သည်-

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဝိမလာဘိဝံသ ပုခန်းကျောင်းတိုက်၊ အမှတ်(၂) ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

၂။ ဘဒ္ဒန္တနေမိန္ဒ မဟာဝိဇယာရာမ(အရှေ့တိုက်)၊ အမှတ်(၁)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။

၃။ ဘဒ္ဒန္တပညာသိရီ ငွေတောင်တောရကျောင်းတိုက်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ နေပြည်တော်တပ်ကုန်း။

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကုန္ဒပါလ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂။ ဘဒ္ဒန္တသုန္ဒရ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ အမှတ် ၁၆/၂ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုပါကဏ္ဍာဘိဝံသ ရွှေဘိုကြီးစာသင်တိုက်၊ အမှတ်(၆)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း။

၂။ ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၊ နဝင်းရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၃။ ဘဒ္ဒန္တသောဘဏာဘိဝံသ ဦးဇာဂရကြီးကျောင်း၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။

၄။ ဘဒ္ဒန္တသုဝဏ္ဏာလင်္ကာရ ဓမ္မပါလရဲလှကျောင်း၊ ချမ်းသာကြီးတောင်တိုက်၊ သီရိမာလာအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၅။ ဘဒ္ဒန္တသုဇန ပုဂံကျောင်း၊ မဟာဝိဇယာရာမခင်မကန်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၆။ ဘဒ္ဒန္တဉာဏောသူရိယ ဓမ္မမေဒနီကျောင်းတိုက်၊ အောက်ကျင်းရပ်ကွက်၊ သထုံမြို့၊ မွန်ပြည်နယ်။

၇။ ဘဒ္ဒန္တကုန္ဒသိရီ ဖာလဇေတဝန်ကျောင်း၊ ပရိယတ္တိစာသင်တိုက်၊ သီရိမာလာရပ်ကွက်၊ ရေးမြို့၊ မွန်ပြည်နယ်။

၈။ ဘဒ္ဒန္တဇနိတ မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။

၉။ ဘဒ္ဒန္တဝိသုဒ္ဓါစာရ ဘုရားကြီးကျောင်းတိုက်၊ ဘုရားကြီးရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်း။

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၁၀။ ဘဒ္ဒန္တ ဓမ္မာနန္ဒထေရ် (Ven. Mahopadyaya Aluthgama Dhammananda Thero) Malwatta ကျောင်းတိုက်၊ ကန္ဒီမြို့၊ သီရိလင်္ကာနိုင်ငံ။

၁၁။ ဘဒ္ဒန္တ ဉာဏဝိမလထေရ် (Ven. Bellana Gnanavimala Thero) Sri Samagrldharma Mahasanghasabha ကျောင်းတိုက်၊ Kotte မြို့၊ သီရိလင်္ကာနိုင်ငံ။

ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တတေဇာနန္ဒ ရတနာ့ဂုဏ်ရည်ရိပ်သာ၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။

၂။ ဒေါက်တာ ဘဒ္ဒန္တပညိဿရ ဓမ္မဒူတတောရသာသနာ့ရိပ်သာ၊ ဘူးလယ်အင်းကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း။

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တပညာနန္ဒာဘိဝံသ မဟာသန္တာရုံကျောင်းတိုက်၊ သလ္လာမြို့သစ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂။ ဘဒ္ဒန္တခေမာစာရ ကန်ကလေးတောရရွှေကျင်ကျောင်း စာသင်တိုက်၊ မဲကုန်းရပ်ကွက်၊ အုတ်တွင်းမြို့၊ ပဲခူးတိုင်း။

၃။ ဘဒ္ဒန္တစိန္တိတာဘိဝံသ ရွှေကျင်တောင်ပရိယတ္တိစာသင်တိုက်၊ ဘူတာတောင်ရပ်ကွက်၊ ဖြူးမြို့၊ ပဲခူးတိုင်း။

၄။ ဘဒ္ဒန္တကုသလ မင်းဖူးကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၅။ ဘဒ္ဒန္တနေမိန္ဒ ရတနာမာရ်အောင်တောရပရိယတ္တိစာသင်တိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၆။ ဘဒ္ဒန္တကုမာရာဘိဝံသ မဟာဝိဇယာရာမပါဠိတက္ကသိုလ်စာသင်တိုက်၊ မြောက်ရှားတောကျေးရွာ၊ ဆင်ဖြူကျွန်းမြို့၊ စလင်းမြို့နယ်၊ မကွေးတိုင်း။

၇။ ဘဒ္ဒန္တအာဒိစ္စဝံသ ဝဲကြီးပရိယတ္တိစာသင်တိုက်၊ ဝဲကြီးကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

၈။ ဘဒ္ဒန္တဥတ္တရ ကုန္ဒာရာမကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း။

၉။ ဘဒ္ဒန္တပဒုမ ပခုက္ကူကျောင်းသစ်၊ ကိုးဆောင်တိုက်၊ အမှတ်(၁၀) ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၁၀။ ဘဒ္ဒန္တသုဒဿနာဘိဝံသ ရွှေသိမ်တော်တောင်ကျောင်း ပရိယတ္တိစာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ မတ္တရာမြို့၊ မန္တလေးတိုင်း။

၁၁။ ဘဒ္ဒန္တအဂ္ဂိယ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၁၂။ ဘဒ္ဒန္တဝိစိတ္တ ဓမ္မမေဒနီကျောင်းတိုက်၊ အောက်ကျင်းရပ်ကွက်၊ သထုံမြို့၊ မွန်ပြည်နယ်။

၁၃။ ဘဒ္ဒန္တ စန္ဒောဘာသ မြစေတီစာသင်တိုက်၊ မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၁၄။ ဘဒ္ဒန္တ ဉာဏဝံသ လယ်တီတောင်ပေါ်ကျောင်း ပရိယတ္တိစာသင်တိုက်၊ ကျိန္တလီမြို့၊ ဂွမြို့နယ်၊ ရခိုင်ပြည်နယ်။

၁၅။ ဘဒ္ဒန္တပညာနန္ဒ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၆။ ဘဒ္ဒန္တဝိဝေက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၇။ ဘဒ္ဒန္တမေဓာဝီ သာသနာ့ဝိပုလမြို့လယ်စာသင်တိုက်၊ ဟဲဟိုးမြို့၊ ကလောမြို့နယ်၊ ရှမ်းပြည်နယ်။

၁၈။ ဘဒ္ဒန္တမာနိတာလင်္ကာရ မောင်းထောင်ကျောင်းပရိယတ္တိစာသင်တိုက်၊ အမှတ်(၂) ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

သီလရှင်ဆရာကြီးများ

၁၉။ ဒေါ်ပညာသိရီ မျိုးရင်ရင်စာသင်တိုက်၊ ကမ္ဘာအေးချောင်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂၀။ ဒေါ်ဉာဏောဘာသီ အလယ်တောရသမိဒ္ဓေါဒယ မော်လမြိုင်သီလရှင်စာသင်တိုက်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသောဘိတ နန်းဦးပရိယတ္တိစာသင်တိုက်၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၂။ ဘဒ္ဒန္တဇဝနတိက္ခ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရွာကောက်ရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။

၃။ ဘဒ္ဒန္တ ကုန္ဒကသာရာဘိဝံသ အလယ်ကျောင်းပရိယတ္တိစာသင်တိုက်၊ ကမာကဆစ်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်း။

ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကေဝလ အသောကာရုံကျောင်းတိုက်၊ ရန်ကင်းရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂။ ဘဒ္ဒန္တနန္ဒောဘာသ ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဆူးလေကုန်းရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၃။ ဘဒ္ဒန္တကောသလ္လ ဃောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကညွှံရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

၄။ ဘဒ္ဒန္တပညာဇောတ မြို့ဦးပရိယတ္တိစာသင်တိုက်၊ အမှတ် (၁)ရပ်ကွက်၊ ရေတာရှည်မြို့၊ ပဲခူးတိုင်း။

၅။ ဘဒ္ဒန္တစန္ဒ မဟာဝိသုတာရာမ(အလယ်)တိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။

၆။ ဘဒ္ဒန္တနန္ဒောဘာသ သာသနမာမကပရိယတ္တိစာသင်တိုက်၊ ညောင်ပင်ကျေးရွာ၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်း။

၇။ ဘဒ္ဒန္တပညာဒီပ မဏိရတနာအလယ်တိုက်ကြီးကျောင်း၊ တူမောင်းကျောင်းတိုက်၊ ရွှေဂွမ်းထုပ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း။

၈။ ဘဒ္ဒန္တပဏ္ဍာဇ မာရ်အောင်ပရိယတ္တိစာသင်တိုက်၊ ရန်အောင်(၂)ရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား။

၉။ ဘဒ္ဒန္တပဏ္ဍိစ္စ သာသနဟိတနိမ္မိတအေးကျောင်းစာသင်တိုက်၊ သင်္ဘောတိုက်ရတနာစုရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၁၀။ ဘဒ္ဒန္တအဂ္ဂဝံသ ကျောင်းတော်ကျောင်း၊ မေဃဝတီတောင်သမန်တိုက်၊ သီရိဟေမာအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၁၁။ ဘဒ္ဒန္တဇာနေယျ ရတနာပုံကျောင်း၊ အနောက်ထီးလင်းတိုက်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၁၂။ ဘဒ္ဒန္တကောဝိဒ ပညာမိကာရုံကျောင်းတိုက်၊ အုန်းပင်ခြံကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်း။

၁၃။ ဘဒ္ဒန္တသုမန မဟာသုတသောမရွှေဘုံသာကျောင်းတိုက်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၁၄။ ဘဒ္ဒန္တအဂ္ဂဓမ္မ ခေမာဝင်းကျောင်း၊ မြတောင်တိုက်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၁၅။ ဘဒ္ဒန္တကောဝိဒ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၁၆။ ဘဒ္ဒန္တကောသလ္လ အတုလရန်အောင်စာသင်တိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၁၇။ ဘဒ္ဒန္တပညာဇောတ ဇောချာရာမပရိယတ္တိစာသင်တိုက်၊ ဂူတာရပ်ကွက်၊ တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်။

၁၈။ ဘဒ္ဒန္တခေမိဿရ ခေမာသီဝံကျောင်းတိုက်၊ အဝတောင်ကျေးရွာ၊ ရမ်းဗြဲမြို့နယ်၊ ရခိုင်ပြည်နယ်။

၁၉။ ဘဒ္ဒန္တနန္ဒာဘိဝံသ ဓမ္မာစရိယကျောင်း၊ ဘုရားဖြူကျောင်းတိုက်၊ အမှတ်(၁၀) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

၂၀။ ဘဒ္ဒန္တရေဝတာနန္ဒ ဆုတောင်းပြည့်ကျောင်းတိုက်၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။

၂၁။ ဘဒ္ဒန္တဥတ္တမာစာရ လင်းလွန်းပင်ပရိယတ္တိစာသင်တိုက်၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၂။ ဘဒ္ဒန္တစန္ဒောဘာသ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၃။ ဘဒ္ဒန္တဝေပုလ္လ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၄။ ဘဒ္ဒန္တစက္ကိန္ဒ စံကျောင်းပရိယတ္တိစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ အင်္ဂပူမြို့၊ ဧရာဝတီတိုင်း။

၂၅။ ဘဒ္ဒန္တပုဏ္ဏ အောင်မြေသာစည်စာသင်တိုက်၊ အမှတ်(၉)ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်း။

၂၆။ ဘဒ္ဒန္တဇာဂရ နန္ဒာရုံပရိယတ္တိစာသင်တိုက်၊ အမှတ်(၁၂)ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်း။

၂၇။ ဘဒ္ဒန္တရေဝတ အုန်းပင်ပရိယတ္တိစာသင်တိုက်၊ အုန်းပင်ကျေးရွာ၊ ကျုံမငေးမြို့၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်း။

၂၈။ ဘဒ္ဒန္တပညာတိက္ခ မစိုးရိမ်ပရိယတ္တိစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်း။

၂၉။ ဘဒ္ဒန္တနန္ဒိယ မင်္ဂလာအောင်မြေစာသင်တိုက်၊ အမှတ်(၇)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

သီလရှင်ဆရာကြီးများ

၃၀။ ဒေါ်ကုလဝတီ သဒ္ဓမ္မရုံသီ သီလရှင်စာသင်တိုက်၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၃၁။ ဒေါ်တိဏ္ဏဝတီ ရတနာမာရ်အောင် သီလရှင်စာသင်တိုက်၊ ကရပ်ပြင်ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

၃၂။ ဒေါ်ဉာဏဝတီ ဓမ္မိကာရုံသီလရှင်စာသင်တိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၃၃။ ဒေါ်ကုလစာရီ ဇေယျမေဒနီမြို့မှ ပရိယတ္တိစာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ ရေစကြိုမြို့၊ မကွေးတိုင်း။

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကောဝိဒ ထုံးကြီးတောင်ကျောင်းတိုက်၊ ထုံးကြီးရွာ၊ ကျွန်းကလေးအုပ်စု၊ ကံမမြို့နယ်၊ မကွေးတိုင်း။

၂။ ဘဒ္ဒန္တတိလောက သံတော်ဆင့်ကျောင်းတိုက်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၃။ ဘဒ္ဒန္တကုန္ဒက ဒေဝသာဂရသိမ်ကုန်းကျောင်းတိုက်၊ ဓမ္မိကာရုံပါဠိတက္ကသိုလ်၊ သိမ်ဖြူမြီးရထားရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။

ပြည်ပဘွဲ့ခံဆရာတော်ကြီး

၄။ ဘဒ္ဒန္တခေမိန္ဒ ကမ္ဘာအေးစေတီကျောင်း၊ မေကာရိဉယျာဉ်၊ မိုဂျီရပ်ကွက်၊ ကိတကြျူရှူမြို့၊ ဖူကူအိုကာခရိုင်၊ ဂျပန်နိုင်ငံ။

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကလျာဏ ညောင်ပင်သာကျောင်းတိုက်၊ ညောင်ပင်သာကျေးရွာ၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တသုမင်္ဂလသာမိ အဘယသုခစာသင်တိုက်၊ ကျိုက်ဖနဲရပ်ကွက်၊ ဝါးတန်းရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၃။ ဘဒ္ဒန္တဝါယမိန္ဒ ရွှေမြယာပရိယတ္တိစာသင်တိုက်နှင့် ရွှေမြယာဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း၊ ရွှေမြယာကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။

၄။ ဘဒ္ဒန္တကေလာသ ကံ့ကော်တစ်ထောင်ကျောင်းတိုက်၊ ပေချောင်းကြီးကျေးရွာ၊ မလော့ကျေးရွာအုပ်စု၊ ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်း။

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၅။ ဘဒ္ဒန္တကောဏ္ဍည၊ Wat Sripravat Plaibang Bangkruai, Nonthaburi, Bangkok, Thailand.

၆။ Ven. Bounma SIMMAPHOM Ban Fai Temple Xaysettha District, Vientiane Capital City, LAOS.

၇။ Ven.Samdech Preah Maha Somedhadhipatey, Nount Nget, Cambodia.

၈။ Ven.Shi Fa Zhao ဗုဒ္ဓအံတော်ကျောင်း၊ ဗုဒ္ဓဘာသာရွှေဘုရားကျောင်း၊ စင်ကာပူနိုင်ငံ။

မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဉာဏိဿရ ပရဟိတညောင်ဇင်ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်း၊ ဖရူဆိုမြို့၊ ကယားပြည်နယ်။

၂။ ဘဒ္ဒန္တဝိစာရ ရွှေဂူနီးအထက်ကျောင်းတိုက်နှင့် ကမ်းနီပရိယတ်+ပဋိပတ်ကျောင်းတိုက်၊ ရွှေဂူနီးစံပြကျေးရွာ၊ လှိုင်းဘွဲ့မြို့၊ ကရင်ပြည်နယ်။

၃။ ဘဒ္ဒန္တအရိယဝံသ ထေရဝါဒဗုဒ္ဓသာသနပြုဗဟိုကျောင်း၊ ဗလိုင်ရပ်ကွက်၊ ဖလမ်းမြို့၊ ချင်းပြည်နယ်။

၄။ ဘဒ္ဒန္တတိက္ခိန္ဒြိယ ရေလယ်ပရဟိတကျောင်း၊ ဒူလဗိုလ်ကျေးရွာ၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်း။

၅။ ဘဒ္ဒန္တဉာဏ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တရိန်းကျေးရွာ၊ မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်။

၆။ ဘဒ္ဒန္တဝါရိတ္တ ဖားပျော်ဗဟိုသာသနာပြုကျောင်း၊ ဖားပျော်ကျေးရွာ၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်။

၇။ ဘဒ္ဒန္တသောဘိတ နန်းဦးကျောင်းတိုက်၊ နန်းဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ (၁၀၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၈။ ဘဒ္ဒန္တကေတုမာလာ အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ပိန္နဲကုန်းကျေးရွာအုပ်စု၊ ဆင်ခြံကျေးရွာ၊ ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်း။

၉။ ဘဒ္ဒန္တပညောဘာသ မြသိန်းတန်သာသနာပြု ပရိယတ္တိစာသင်တိုက်နှင့် ပရဟိတဘုန်းတော်ကြီး သင်ပညာရေးကျောင်း၊ ဟိုပန်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၁၀။ ဘဒ္ဒန္တဓမ္မပါလ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နမ့်ခတ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ နမ့်ခတ်ကျေးရွာ၊ တောင်ပေါ် (၅)အုပ်စု၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၁၁။ Bhikkhu Nandisena ဓမ္မဝိဟာရကျောင်း၊ မက္ကဆီကိုနိုင်ငံ။

၁၂။ ဘဒ္ဒန္တလောကနာထ ဓမ္မဒီပဝိဟာရကျောင်း၊ ကင်စတန်မြို့၊ ဂျမေကာနိုင်ငံ။

၁၃။ Ven.Shi Chang Zang, Ling Guang ကျောင်း၊ ပီကင်းမြို့၊ တရုတ်နိုင်ငံ။

၁၄။ Ven.Dr.Jinabodhi Bhikkhu, Chittagong Buddhist Monastny, ဗုဒ္ဓဘာသာဘုရားကျောင်းလမ်း၊ စစ်တကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ။

၁၅။ ဘဒ္ဒန္တသြဘာသ မြန်မာကျောင်း၊ သာဝတ္ထိမြို့၊ ဥတ္တရပရာဒေ့ချ်(ယူပီ)ပြည်နယ်၊ အိန္ဒိယနိုင်ငံ။

၁၆။ ဘဒ္ဒန္တဇောဓိသေန ဇောဓိစရိယကျောင်းတိုက်၊ ကာဘာရေမြို့နယ်၊ ဘာဂ်မတိပြည်နယ်၊ နီပေါနိုင်ငံ။

၁၇။ ဘဒ္ဒန္တဥတ္တမ ဓမ္မပါလကျောင်းတိုက်၊ Kandersteg မြို့၊ ဆွစ်ဇာလန်နိုင်ငံ။

စာမျက်နှာ ၃ ကော်လံ ၁

စာမျက်နှာ ၂ မှ

သီလရှင်ဆရာကြီးများ

၁၈။ ဒေါ်ခေမာစာရီ သာသနာ့ဂုဏ်ရည် သီလရှင်စာသင်တိုက်နှင့် သီလရှင်သင်ပညာရေးကျောင်း၊ နန္ဒင်းကုန်းရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၉။ Mae Chee San Sanee Sthirasuta Sathira Dhammasathan Foundation, 24/5 Watcharaphol, Ramindar 55Rd,Bangkhen, Bangkok. 10230 ထိုင်းနိုင်ငံ။

လူပုဂ္ဂိုလ်

၂၀။ ဦးဗိုလ်ကလေး(ခ)ဗိုလ်သောင်း၊ ညောင်ပင်သာ(၆)ရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း။

ပြည်ပလူပုဂ္ဂိုလ်

၂၁။ Mr. Ricardo Vieira Sasaki, Riodejaneiro RJ, Brazil.

သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တပဏ္ဍိတ ပညိန္ဒာရာမ စိတ္တသုခကျောင်း၊ ကုန်းတန်းကြီး လေသာကုန်းကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တသီလာစာရ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၊ ဝမ်ကုန်းကျေးရွာ၊ လှိုင်ကော်မြို့နယ်၊ ကယားပြည်နယ်။

၃။ ဘဒ္ဒန္တဇဋိလ မြို့မသာသနာပြုစာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်။

၄။ ဘဒ္ဒန္တသုန္ဒရ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၊ ဖားမောင်ကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်း။

၅။ ဘဒ္ဒန္တကုန္တဝံသ လက်ပံချောင်းထေရဝါဒ ဗုဒ္ဓသာနာပြုဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လက်ပံချောင်းကျေးရွာ၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း။

၆။ ဘဒ္ဒန္တနန္ဒာလင်္ကာရ မြို့မရေလယ်ကျောင်း၊ (၁၁)ရပ်ကွက်၊ သုံးခွမြို့၊ ရန်ကုန်တိုင်း။

၇။ ဘဒ္ဒန္တကောဏ္ဍည နယ်စပ်ဒေသပရိယတ္တိသာသနာပြုကိုင်းကုန်း ပရိယတ္တိစာသင်တိုက်၊ (၁၀)ရပ်ကွက်၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၈။ ဘဒ္ဒန္တစန္ဒာသီရိ မတ်ကျန်းသာသနာပြုဌာန၊ မတ်ကျန်းကျေးရွာ၊ ကတ်ထိုက်အုပ်စု၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။

၉။ ဘဒ္ဒန္တစိန္တာသိဒ္ဓိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကံလှကျေးရွာ၊ သပြေကုန်းကျေးရွာအုပ်စု၊ ပင်လောင်းမြို့နယ်၊ ရှမ်းပြည်နယ်။

၁၀။ ဘဒ္ဒန္တတေဇဝန္တ ပညာရုံသီနှစ်ကျိပ်ရှစ်ဆူကျောင်းတိုက်၊ မလက်တိုကျေးရွာ၊ တပွတ္တနောင်ကြီး ကျေးရွာအုပ်စု၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း။

သီလရှင် ဆရာကြီးများ

၁၁။ ဒေါ်နန္ဒီ ချမ်းမြေ့မဥ္စရီ သီလရှင်ပညာရေးကျောင်း (၃)မိုင် ရွှေပြည်သာကျေးရွာ၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ်။

၁၂။ ဒေါ်ဝဏ္ဏသီရီ ကမ္ဘောဇသီရီ အမှတ်(၁) သီလရှင်သင် ပညာရေးမူ/လွန်ကျောင်း၊ မိုင်းယု(၁၀၅)မိုင်ကျေးရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသြဘာသ မဟာစည်သြဝါဒခံညောင်ကန်အေး ကန်လယ်ကျောင်း သာသနာ့ရိပ်သာ၊ (၂)ရပ်ကွက်၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်း (အနောက်ပိုင်း)။

၂။ ဘဒ္ဒန္တအာလောက ပိန်းကန်ဓမ္မရိပ်သာကျောင်းတိုက်၊ ပိန်းကန်စံပြကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃။ ဘဒ္ဒန္တဉာဏသာမိ ဓမ္မစကြာပဋ္ဌာန်ပတ်ရိပ်သာကျောင်း၊ အမှတ်(၂၀-အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဇောတိက မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ ကန်ဖျားရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။

၂။ ဘဒ္ဒန္တကုသလ(အရှင်စင်တောက်) လင်ဂျူးတောင် ဗုဒ္ဓသာသနာပြုတရားစခန်းရိပ်သာ၊ ဟောင်ကောင်မြို့၊ တရုတ်နိုင်ငံ။

ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဥတ္တရဝံသ မူလသာယာကုန်း မိုးကုတ်ဓမ္မရိပ်သာ၊ အမှတ်(၆)ရပ်ကွက်၊ မြန်အောင်မြို့၊ ဧရာဝတီတိုင်း။

အမိန့်အရ
(ပုံ)×××
သီဟသူရတင်အောင်မြင့်ဦး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၁-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ဘဝထဲကပဌာန်း** **ပဌာန်းထဲကဘဝ** တရားတော် (ပထမပိုင်း) (ဆရာတော် အရှင်ပညာ သီဟာဘိဝံသ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၈:၃၀ EPL Highlight 20
၈:၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၂၀ Activities in the City (ကျန်းမာရေးဟောပြောပွဲနှင့် Keen Cie ဝန်ဆောင်မှုလုပ်ငန်းဖွင့်ပွဲ)
၉:၄၀ Global Panorama
၁၀:၄၀ မြို့ရွာဖွံ့ဖြိုးတိုးတက်ကျန်းမာ ပြည်သာယာ
၁၀:၅၅ International Show Biz
၁၁:၁၅ ဂန္ထဝင်ဂီတစာဆိုတော်ကြီး ရွှေတိုင်ညွန့် နှစ်(၁၀၀)ပြည့် အမှတ်တရ
၁၁:၃၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (အိတ်ပြုလုပ်နည်း)
၁၁:၅၀ ဆည်မြောင်းရဲ့အားမာန်... ပြိုင်းချောင်းရေလှောင်တမံ
၁၂:၀၅ Mega Star Talk (ဇော်ဝင်းထွဋ်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၂:၂၅ ကျိုးသဲမြို့မှ စည်းလုံးချည်
၁၂:၃၅ စာအုပ်ပြခန်း (ပျူစစ်လျှင် မြန်မာစာရေးဆရာ ဘုန်းတင့်ကျော်)
၁:၀၀ **ဘဝထဲကပဌာန်း** **ပဌာန်းထဲကဘဝ** တရားတော် (ပထမပိုင်း) (ဆရာတော် အရှင်ပညာ သီဟာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာ ကြယ်ကြွေပွင့်များ စာရေးဆရာမမိုးမိုး(အင်းလျား)
၃:၁၅ ဧရာဝတီမြစ်ကမ်းတစ်ဖက်ဆီမှ အလင်းတာဝါတိုင်များ
၃:၄၀ Myanmar Aikikai New Organization ၏ ဝေဠုဝန်ပရဟိတဘုန်းတော်ကြီးကျောင်းသို့ ကျောင်းဆောင်သစ်ရေစက်ချလှူဒါန်းပွဲနှင့် ဖျော်ဖြေပွဲ
၄:၀၀ တောင်ငူခေတ်ရဲ့ပုံရိပ်ပန်းချီ တော်ဝင်ကေတုမတီ
၄:၃၀ အမျိုးသားပြတိုက် မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း
၄:၄၅ ကြည်နူးပီတိဂါရဝ သုံးခွ အထက အာစရိယ
၅:၀၀ မြို့ရွာဖွံ့ဖြိုးတိုးတက်ကျန်းမာ ပြည်သာယာ
၅:၁၅ Activities in the City (ကျန်းမာရေးဟောပြောပွဲနှင့် Keen Cie ဝန်ဆောင်မှုလုပ်ငန်းဖွင့်ပွဲ)
၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ International Show Biz
၆:၄၀ အနုပညာမိုးကောင်းကင်
၇:၀၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (အိတ်ပြုလုပ်နည်း)
၇:၂၀ Mega Star Talk (ဇော်ဝင်းထွဋ်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၇:၄၀ ရန်ကုန်မြင်းကွင်းကျယ် (၂၂) နှစ်ပြည့် ချယ်ရီဦး၏ Lucky Draw အစီအစဉ်
၈:၀၀ MRTV-4 သတင်း
၈:၃၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာ ကြယ်ကြွေပွင့်များ စာရေးဆရာမမိုးမိုး(အင်းလျား)
၉:၀၀ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၁၀:၀၀ ကြည်နူးပီတိဂါရဝ သုံးခွ အထက အာစရိယ
၁၀:၀၅ Myanmar Aikikai New Organization ၏ ဝေဠုဝန်ပရဟိတဘုန်းတော်ကြီးကျောင်းသို့ ကျောင်းဆောင်သစ်ရေစက်ချလှူဒါန်းပွဲနှင့် ဖျော်ဖြေပွဲ
၁၀:၃၅ စာအုပ်ပြခန်း (ပျူစစ်လျှင် မြန်မာစာရေးဆရာ ဘုန်းတင့်ကျော်)
၁၀:၅၀ ရန်ကုန်မြင်းကွင်းကျယ် (၂၂) နှစ်ပြည့် ချယ်ရီဦး၏ Lucky Draw အစီအစဉ်
၁၁:၀၅ **"ဒါ" ဖောရိန်းမိတ်တဲ့လားဗျာ** ထူးသာ၊ ညီဂျော်၊ ဆုပန်ထွာ ဒါရိုက်တာ-ဝေဠု(ဝသယန်)
၁၁:၂၀ ထန်းပင်မှဖြစ်သည့်အနုပညာ (ထန်းပန်းချီ)
၁၁:၃၀ ဘိုင်းဒါးတံတား
၁၁:၃၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီ အင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် အလုပ်သမားဝန်ကြီးဌာန၏ (၆၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၀)ရပ်ကွက် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀ ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ဆက်လက်၍ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ဘက်စုံထူးချွန်ဆု ရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

အလုပ်သမားဝန်ကြီးဌာန၏ (၆၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

အလုပ်သမားဝန်ကြီးဌာန၏ (၆၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၁ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်ထွန်းအောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။ ရှေးဦးစွာ ဝန်ကြီး ဦးအောင်ကြည်က အမှာစကား ပြောကြားသည်။

ထို့နောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အဆင့် ဆုတံဆိပ်ရရှိခဲ့ကြသူများအား ဂုဏ်ပြုဆု၊ ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးများမှ အကောင်းဆုံး စွမ်းဆောင်ရည်ရုံးဆု၊ လုပ်သက်အကြာဆုံးဆု၊ သင်တန်းထူးချွန်ဆု၊ သွေးလှူရှင်ဆု အပါအဝင် ၂၀၀၉ ခုနှစ်အတွင်း ထူးခြားသော စွမ်းဆောင်ရည်များ ဖော်ပြနိုင်ကြသည့် ဝန်ထမ်းများအား ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ချီးမြှင့်

နံနက်ပိုင်းတွင် ကျင်းပခဲ့သည့် ဝန်ကြီးဌာနအတွင်း ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ကြက်တောင်ရိုက်နှင့် စားပွဲတင် တင်းနစ် အမျိုးသား၊ အမျိုးသမီး ဗိုလ်လုပွဲများတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒီဇင်ဘာ ၁၁ရက်က မြို့မဈေးရှေ့အုတ်ရေမြောင်းဖော်ခြင်း သန့်ရှင်းရေးဆောင်ရွက်မှုကို တာဝန်ခံအင်ဂျင်နီယာ ဦးဇေယျာမင်းနှင့် အမှုဆောင်အရာရှိ ဦးစိုင်းရန်နိုင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။
(ခရိုင် ပြန်/ဆက်)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချီထား

ရန်ကုန် ဇန်နဝါရီ ၃

မြန်မာပို့စ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၁)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိထားသည်။

ငါးသလောက်များကို စူးစမ်းလေ့လာဖော်ပြထားသည့် 'ငါးသလောက်တကယ်ရှားသွားပြီလား၊ ငါးသလောက်ပေါ်များရေး ဘာလုပ်သင့်သလဲ' မျက်နှာဖုံးသတင်းဆောင်းပါး၊ 'နယ်စပ်လမ်းကြောင်းက ဓာတ်မြေသြဇာအဝင်များ' သတင်းဆောင်းပါး၊ မြန်မာမိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်၏ RIMES ဖွဲ့စည်းဖြစ်ပေါ်မှုနှင့် အကျိုးသက်ရောက်မှုကို ကိုယ်တွေ့တင်ပြထားသည့် 'RIMES သို့မဟုတ် အာရှနဲ့ အာဖရိကရဲ့ အနာဂတ်ရောင်ခြည်' ဆောင်းပါး၊ ဆရာမောင်ဝံသ၏ 'ဂါဇာစစ်ပွဲ တစ်နှစ်ပြည့်သော်လည်း' ဆောင်းပါး၊ ဒေါက်တာအောင်ကိုကို (စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ)၏ 'ဆင်းရဲမွဲတေမှုနှင့် စီးပွားရေးပေါ်လစီ' ဆောင်းပါးစသည့် သိမှတ်လေ့လာဖွယ်ရာများ စုံစုံလင်လင်ဖော်ပြထားသည်။

ထို့ပြင် အစိုးရငွေတိုက်စာချုပ်များ တိုးချဲ့ရောင်းချခြင်းအပေါ် စီးပွားရေးပညာရှင်များ၏ သုံးသပ်ချက်၊ ရန်ကုန်မြို့တော်အတွင်း ရေဝပ်လမ်းများအဆင့်မြှင့် ကွန်ကရစ်လမ်းသစ်အစားထိုးခင်းမှု ကျပ် ၁၂ဘီလီယံ အသုံးပြုမည်။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စုလီမိတက်အစုအပေါ် အမြတ်ငွေများထုတ်၊ ၂၀၁၀ ဆန်စပါးဈေးကွက် ထူးခြားသော ပြောင်းလဲမှုမဖြစ်နိုင်၊ အထူးပြုကုမ္ပဏီများနှင့် လယ်ယာလုပ်ကိုင်သူများ အကျိုးတူပူးပေါင်းလုပ်ကိုင်ခြင်းကြောင့် လုပ်ငန်းအဆင်ပြေတိုးတက်၊ ကမ္ဘာလှည့်ခရီးသည်တင်အပျော်စီး သင်္ဘောကြီးရောက်ရှိမည်။ မြန်မာ့ဟိုတယ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် ပြည်ပနိုင်ငံများစိတ်ဝင်စား၊ နေပြည်တော်၌ ရတနာသီဃ်ဟိုတယ်ဖွင့်လှစ်တော့မည် စသည့်သတင်းများ စုံလင်စွာဖြင့် ဝေဝေဆာဆာဖော်ပြထားသည်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၃-၁-၂၀၁၀

ဟားခါးမြို့	-၂ ဒီဂရီစင်တီဂရိတ်
လှိုင်လင်မြို့	-၂ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	-၁ ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၀ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၀ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၁ ဒီဂရီစင်တီဂရိတ်
အမ်းမြို့	၂ ဒီဂရီစင်တီဂရိတ်
မိုးကုတ်မြို့	၂ ဒီဂရီစင်တီဂရိတ်
ရွှေဘိုမြို့	၃ ဒီဂရီစင်တီဂရိတ်
ပူတာအို	၄ ဒီဂရီစင်တီဂရိတ်
မချမ်းဘောမြို့	၄ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်မြို့	၄ ဒီဂရီစင်တီဂရိတ်

4-1 (03).pmd 1 1/4/2010, 1:48 AM

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးလုပ်ဆောင်ရန်
တရုတ်သမ္မတဟူကျင်ထောင်း တိုက်တွန်းပြောကြား

ပေကျင်း ဇန်နဝါရီ ၃

လယ်ယာကဏ္ဍ၊ ကျေးလက်ကဏ္ဍနှင့် တောင်သူလယ်သမားများနှင့်ပတ်သက်သည့် နယ်ပယ်ကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့ ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စများအဖြစ် သတ်မှတ်လုပ်ဆောင်ကြရန် တရုတ်သမ္မတဟူကျင်ထောင်းက တရုတ်ကွန်မြူနစ်ပါတီ ကော်မတီအဆင့်ဆင့် နှင့် အစိုးရအဖွဲ့အစည်းအဆင့်ဆင့်ရှိ တာဝန်ရှိသူများအား ဇန်နဝါရီ ၁ရက်က တိုက်တွန်းပြောကြားသည်။

ထို့အပြင် အဆိုပါနယ်ပယ်ကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်သွားကြရန်လည်း ဟူကျင်ထောင်းက မေတ္တာရပ်ခံလိုက်သည်။

မေတ္တာရပ်ခံ

သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကိုမှီ၍ ခေတ်မီစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးအောင်လုပ်ဆောင်ကြရန်လည်း မေတ္တာရပ်ခံ ပြောကြားသည်။

သွားရောက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံမြောက်ပိုင်းရှိ ကျေးလက်ဒေသများသို့ ဇန်နဝါရီ ၁ရက်က သွားရောက်လည်ပတ်စဉ် တရုတ်သမ္မတဟူကျင်ထောင်းက ယင်းကဲ့သို့ မေတ္တာရပ်ခံလိုက်ခြင်းဖြစ်သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဆီးနှင်းများ ထူထပ်စွာ ကျဆင်းခဲ့၍ အဝေးပြေးလမ်းမကြီးများ ပိတ်ထားရ သဖြင့် ပြည်သူ အများ မီးရထား ဘူတာရုံတစ်ရုံတွင် စီတန်းလျက်ဒုက္ခရောက်နေကြသည်ကို ဇန်နဝါရီ ၃ရက်က တွေ့ရစဉ်။

အမေရိကန်နှင့် ရုရှားသံတမန်များ ပါလက်စတိုင်းသမ္မတ တွေ့ဆုံ

ရာမာလာ ဇန်နဝါရီ ၃

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်သည် အမေရိကန်ပြည်ထောင်စုမှ ကောင်စစ်ဝန်ချုပ်နှင့် ရုရှားသံတမန်များအား ကိုရာမာလာမြို့၌ ဇန်နဝါရီ ၂ရက်က သီးခြားစီတွေ့ဆုံပြီး ရှေ့မတိုးနောက်မဆုတ်ဖြစ်နေသော အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပြဿနာကို ဆွေးနွေးညှိနှိုင်းသည်ဟု သတင်း၌ဖော်ပြသည်။

တွေ့ဆုံ

ပါလက်စတိုင်းသမ္မတ အဘတ်စ်သည် ရာမာလာမြို့ရှိ သူ၏ရုံးတွင် အမေရိကန်ပြည်ထောင်စုကောင်စစ်ဝန်ချုပ်နှင့် တွေ့ဆုံပြီးနောက် ရုရှားသံတမန်ကိုယ်စားလှယ်များနှင့် တွေ့ဆုံကြောင်း ပါလက်စတိုင်းအစိုးရသတင်းဌာနဝါဖာက ဖော်ပြသည်။

ဆွေးနွေးညှိနှိုင်း

ပါလက်စတိုင်းသမ္မတ အဘတ်စ်သည် လောလောဆယ် ပါလက်စတိုင်းပိုင်နက်နယ်မြေတွင် ဖြစ်ပွားနေသော ဖြစ်ရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ရှေ့မတိုးနောက်မဆုတ်ဖြစ်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပြန်လည်ရှင်သန်လှုပ်ရှားအောင် ကြိုးပမ်းရေးကိစ္စနှင့်ပတ်သက်၍လည်းကောင်း သံတမန်များနှင့် ဆွေးနွေးညှိနှိုင်းကြောင်း အဆိုပါသတင်းဌာနက ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

ရှားပါးအပင်မျိုးစိတ်များ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌စိုက်ပျိုး

ဂျကာတာ ဇန်နဝါရီ ၃

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ သစ်တောများတွင် ရှားပါးအပင်မျိုးစိတ်များစွာကို ဟတ်တာ ၁၇၀ခန့် စိုက်ပျိုးပြုစုပျိုးထောင်ထားကြောင်း အင်တာရာသတင်းဌာနက ဇန်နဝါရီ ၂ရက်၌ သတင်းထုတ်ပြန်သည်။

ထောက်ပံ့

ရှားပါးအပင်မျိုးစိတ်များ စိုက်ပျိုးနိုင်ရန် အပြည်ပြည်ဆိုင်ရာ မုတ်သုံကျွန်းသစ်အဖွဲ့ (အိုင်တီတီအို)က ငွေကြေးထောက်ပံ့သည်ဟု ဘာလီပြည်နယ် သစ်တောဌာနအကြီးအကဲက ပြောကြားသည်။

အနီးဝန်းကျင်ရှိ လယ်သမားများလည်းပါဝင်သည့် ဤရှားပါးအပင်များ စိုက်ပျိုးပြုစုပျိုးထောင်မှုက ဒေသခံများ၏ ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုနှင့် ဘာသာရေးပွဲတော်များအတွက် အထောက်အပံ့ဖြစ်စေနိုင်ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့၌ ပထမဆုံး အမျိုးသမီးရထားမောင်းသူ ရှုရီခါရာဒါဗီအား သူမ မောင်း နှင် မည့် ရထားနှင့် အတူ ဇန်နဝါရီ ၂ရက်က တွေ့ရစဉ်။ (ဆင်ဟွာ ဓာတ်ပုံ)

အစ္စရေးစစ်လေယာဉ်နှင့် တင့်ကားများ ဂါဇာအရှေ့ပိုင်းနှင့် တောင်ပိုင်းကို တိုက်ခိုက်

ဂါဇာ ဇန်နဝါရီ ၃

အစ္စရေးအက်ဖ်-၁၆ စစ်လေယာဉ်များနှင့် တင့်ကားများသည် ဂါဇာကမ်းမြောင်ဒေသအရှေ့ပိုင်းနှင့် တောင်ပိုင်းရှိ ပစ်မှတ်များကို ဇန်နဝါရီ ၁ရက်ညက ဝေဟင်နှင့် မြေပြင်တိုက်ခိုက်မှုများ ငါးကြိမ်ဆက်တိုက်ပြုလုပ်ခဲ့ရာ ငါးဦးဒဏ်ရာရရှိသွားကြောင်း ဆရာဝန်များနှင့် မျက်မြင်သက်သေများက ပြောကြားသည်။

ဒဏ်ရာရရှိ

အစ္စရေးအက်ဖ်- ၁၆ စစ်လေယာဉ်က ဒုံးကျည်ဖြင့် နှစ်ချက်ပစ်ခတ်ခဲ့စဉ် တင့်ကားများက အမြောက်ဖြင့် နှစ်ချက်ပစ်ခတ်ခဲ့ကြောင်း၊ ပစ်ခတ်ခဲ့သမျှအားလုံးသည် ဂါဇာစီးတီးအရှေ့ဘက်နှင့် အရှေ့မြောက်ဘက် လူသူမရှိသလောက် နည်းသောနေရာများသို့ကျသွားကြောင်း၊ ထိုသို့ ပစ်ခတ်မှုကြောင့် ငါးဦးဒဏ်ရာရရှိသွားကြောင်းဖြင့်လည်း မျက်မြင်သက်သေများက ပြောကြားသည်။

မပြင်းထန်

ဒေသန္တရလူနာတင်ယာဉ်များသည် ဒဏ်ရာရရှိသည့် ပါလက်စတိုင်းငါးဦးအား ဂါဇာဆေးရုံတွင် ဆေးကုသနိုင်ရေးအတွက် ဂါဇာအရှေ့ပိုင်းမှ တင်ဆောင်လာခဲ့ကြောင်း၊ အဆိုပါငါးဦးသည် ဒဏ်ရာမပြင်းထန်ကြောင်းလည်း ဆရာဝန်များက ပြောကြားသည်။ **(အင်တာနက်)**

ဥရောပ ပါလီမန်ကိုယ်စားလှယ်များ တီဟီရန်သို့ လာရောက်လည်ပတ်မည်

တီဟီရန် ဇန်နဝါရီ ၃

ဥရောပပါလီမန်မှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် အီရန်အာဏာပိုင်များနှင့်ဆွေးနွေးရန် တီဟီရန်မြို့သို့ မကြာမီရောက်ရှိလာမည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ရာမင်မေမန်းပါရက်စ်က ပြောကြားသည်။

ထိုဥရောပပါလီမန်ကိုယ်စားလှယ်များသည် အီရန်နှင့် ဥရောပသမဂ္ဂတို့နှင့်သက်ဆိုင်သည့် ပြဿနာမျိုးစုံကို ဆွေးနွေးကြမည်ဟုလည်း ရာမင်မေမန်းပါရက်စ်က ဇန်နဝါရီ ၂ရက်၌ ပြောကြားသည်။

ဥရောပပါလီမန်နှင့် အီရန်လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးမှုသည် နယ်ပယ်ကဏ္ဍအများအပြားတွင် နှစ်နိုင်ငံဆက်ဆံမှုတိုးချဲ့ရေးအတွက် အထောက်အကူ ဖြစ်စေလိမ့်မည်ဟုလည်း အဆိုပါပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

တီဟီရန်သို့ ဥရောပပါလီမန်ကိုယ်စားလှယ်များ လာရောက်လည်ပတ်ရန် မေတ္တာရပ်ခံချက်ကို အီရန်နိုင်ငံက သဘောတူညီကြောင်းဖြင့်လည်း ၎င်းက ထပ်မံအတည်ပြုပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်၌ လမ်းဘေးဗုံးပေါက်ကွဲ အရပ်သားကိုးဦး သေဆုံး

ကဘူးလ် ဇန်နဝါရီ ၃

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ခို့စ်ပြည်နယ်နှင့် ဘတ်ဟစ်ပြည်နယ်တွင် ဇန်နဝါရီ ၁ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ ကိုးဦးသေဆုံးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

သေဆုံး

ဘတ်ဟစ်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော လမ်းဘေးဗုံးပေါက်ကွဲမှု၌ ဖြတ်မောင်းသွားသည့်မော်တော်ယာဉ်တစ်စီးကို ထိမှန်ကာ ယာဉ်မောင်းအပါအဝင် အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦး သေဆုံးခဲ့သည်။

ခို့စ်ပြည်နယ်၌ လမ်းလုပ်သားများအတွက် လုံခြုံရေးတာဝန်ယူသည့် တပ်ဖွဲ့ဝင်လေးဦးမှာ ၎င်းတို့၏ယာဉ်ကို လမ်းဘေးဗုံးထိမှန်ပြီးနောက် သေဆုံးသွားကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။

ဖော်ပြ

၂၀၀၉ ခုနှစ် ပထမ ၁၀ လအတွင်း အာဖဂန်၌ အရပ်သားသေဆုံးမှုမှာ ၁၀ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ဟု ကုလသမဂ္ဂစာရင်းဇယားများတွင် ဖော်ပြထားကြောင်း ယင်းသတင်း၌ပါရှိသည်။

(အင်တာနက်)

တရုတ်နိုင်ငံ စီကျန်းပြည်နယ် ရှီစင်းမြို့၌ ရိုးရာလှေငယ်များဖြင့် မင်္ဂလာအခမ်းအနား စုပေါင်းကျင်းပနေသည်ကို ဇန်နဝါရီ ၂ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ပါလက်စတိုင်းအကျဉ်းသား ၇၅၀၀ကျော် အစ္စရေး၌ ထိန်းသိမ်းထား

ဂျေရုဆလင် ဇန်နဝါရီ ၃

အစ္စရေးအကျဉ်းထောင်များ၌ ဖမ်းဆီးထားသည့် ပါလက်စတိုင်း အကျဉ်းသားဦးရေ ၇၅၀၀ကျော်ရှိကြောင်း ပါလက်စတိုင်းအာဏာပိုင်အဖွဲ့၏ အကျဉ်းသားရေးရာဝန်ကြီးဌာနက ကြေညာသည်။

၂၀၀၉ခုနှစ်ကုန်တွင် ထုတ်ပြန်သည့် အဆိုပါဝန်ကြီးဌာန၏ ကြေညာချက်၌ အထက်ပါအတိုင်း ဖော်ပြလိုက်ခြင်းဖြစ်သည်။

ဖမ်းဆီးခံရသည့် ပါလက်စတိုင်း အကျဉ်းသားများတွင် ကလေး ၃၁၀ ပါဝင်ပြီး စစ်ဆေးမေးမြန်းခြင်းမပြုဘဲ ဆက်လက်ဖမ်းဆီးခံရသူ ၃၀၀ကျော်ရှိကြောင်း ကြေညာချက်၌ ထည့်သွင်းဖော်ပြထားသည်။ **(အင်တာနက်)**

အပျက်အစီး

အီရတ်နိုင်ငံ ဘဂ္ဂဒက် မြို့အနောက်ပိုင်း၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီး များကို ဇန်နဝါရီ ၂ ရက်က တွေ့ရ စဉ်။ (အင်တာနက်ဓာတ်ပုံ)

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ စက်မှု(၁) မောင်မြန်မာ အမျိုးသား အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

စက်မှု(၁)မောင်မြန်မာ အမျိုးသား အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၃

စက်မှု(၁)မောင်မြန်မာ အမျိုးသား အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ဖြောရီတွင် သတ်မှတ်စုရပ်နေရာတို့၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

သတ်မှတ်နေရာ

ရှေးဦးစွာ မောင်မြန်မာ အမျိုးသား အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲဝင်များသည် ပြိုင်ပွဲစတင်တာထွက်မည့် ရန်ကုန်-မန္တလေး လမ်း စဉ့်ကိုင်တိုးဂိတ် အမျိုးသားစက်ဘီး တာထွက်စုရပ်နေရာနှင့် မြစ်ငယ်တံတား ထိပ် အမျိုးသမီး စက်ဘီးတာထွက်စုရပ် နေရာများသို့ရောက်ရှိကြပြီး သတ်မှတ်နေရာ အသီးသီးတို့တွင် နေရာယူကြသည်။

ထို့နောက် အချက်ပြ သေနတ်ပစ်ဖောက် တာလွှတ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် အမျိုးသား မောင်မြန်မာ စက်ဘီးစီး ပြိုင်ပွဲဝင် ၁၄၈ဦးတို့နှင့် အမျိုးသမီး မောင်မြန်မာ စက်ဘီးစီးပြိုင်ပွဲဝင် ၆၅ ဦးတို့သည် သတ်မှတ်နေရာတို့မှ ရန်ကုန်-မန္တလေးလမ်းမကြီးအတိုင်း ၇၈လမ်းမှ မန္တလေးနန်းမြို့ ကျုံးတော်ကြီးကို တစ်ပတ် ပတ်၍ စီးနင်းယှဉ်ပြိုင်ကြပြီး မင်္ဂလာ တံတားထိပ်တွင် ပန်းဝင်ကြရာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ အားကစား ဝါသနာရှင် ပြည်သူများက ပန်းဝင်နေရာမှ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်အားပေး ကြသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲ အခမ်းအနား ကို ဆက်လက်ကျင်းပရာ တိုင်းမှူးက မောင်မြန်မာ စက်ဘီးစီးပြိုင်ပွဲ အမျိုးသား ပြိုင်ပွဲတွင် ပထမဆုရ ဦးမင်းမင်းအောင် (လယ်/ဆည်)နှင့် အမျိုးသား ပြည်နယ်နှင့် တိုင်း(ကြည်း၊ ရေ၊ လေ) လက်ရွေးစင် တန်းပြိုင်ပွဲတွင် ပထမဆုရ ဦးမျိုးလွင် (နေပြည်တော်)တို့အား ဆုငွေကျပ် ငါးသိန်း စီနှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး၏ ဇနီး ဒေါက်တာ ဒေါ်ခင်သီတာက မောင်မြန်မာ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲတွင် ပထမဆုရ ဒေါ်ခင်ဆွေဦး(စက်ဘီးစက်ရုံကျောက်ဆည်)၊ ဒုတိယဆုရ ဒေါ်နော်အဲနာ(ပလိပ်)၊ တတိယ ဆုရ ဒေါ်အေးအေးထွေး (နန်းတွင်း)နှင့် ပြည်နယ်နှင့်တိုင်း (ကြည်း၊ရေ၊လေ) လက်ရွေးစင်တန်း အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ ဒေါ်အေးအေးသင်း (မွေးရေ/ မန္တလေး)၊ ဒုတိယဆုရ ဒေါ်နော်ထီးမူ(ပလိပ်) နှင့် တတိယဆုရ ဒေါ်နော်ဖောခူးခူဆဲ (ပလိပ်)တို့အား ပထမဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ်နှစ်သိန်းငါးသောင်းတို့နှင့် ဂုဏ်ပြု လွှာ တို့ကို ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုလွှာပေးအပ်

ထို့နောက် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က မောင်မြန်မာ စက်ဘီးစီးပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် ဒုတိယဆုရ ဦးမောင်ခိုင်(တောင်သာ)၊ တတိယဆုရ ဦးသန့်စင်(မန္တလေးနန်းရှေ့) နှင့် ပြည်နယ်နှင့်တိုင်း (ကြည်း၊ရေ၊ လေ)လက်ရွေးစင်တန်းပြိုင်ပွဲတွင် ဒုတိယ ဆုရ ဦးမင်းမင်းဟန် (လယ်/ဆည်)နှင့် တတိယဆုရ ဦးခင်မောင်ချို (လယ်/ဆည်) တို့အား ဆုငွေနှင့် ဂုဏ်ပြုလွှာတို့ကို ပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ မောင်မြန်မာစက်ဘီးစီး ပြိုင်ပွဲ အမျိုးသား အမျိုးသမီး ပြည်နယ်နှင့် တိုင်း လက်ရွေးစင်တန်းအမျိုးသား အမျိုး သမီးပြိုင်ပွဲတို့၌ စတုတ္ထမှ ဒသမအဆင့် အထိ ဆုရရှိသူများနှင့် အဆင့် ၁၁မှ ၂၀ အထိ ပန်းဝင်သူများအား ဦးဆောင်ညွှန်ကြား ရေးမှူးများနှင့် တာဝန်ရှိသူတို့က ဆုငွေနှင့် ဂုဏ်ပြုလွှာတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိကြသူများ မှအပ ပန်းဝင်သူအားလုံးတို့အား ဆုငွေ ကျပ်ငါးထောင်စီ၊ တီရှပ်အင်္ကျီ တစ်ထည်စီ နှင့်ပန်းဝင်သူဦးခင်မောင်မြင့် (ချောကလက် စက်ရုံ ကျောက်ဆည်)၊ ခြေတစ်ဖက် မသန်စွမ်း အသက် ၅၇နှစ်အား မန္တလေး တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ဖွဲ့ဆုငွေကျပ် သုံးသောင်းပေးအပ် ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းဆင်းပွဲအခမ်းအနား

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဇန်နဝါရီ၁ရက် နံနက်ပိုင်းတွင် နေပြည်တော်ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေး ဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပ သည့် မြန်မာ့စီးပွားရေးဘဏ် လက်ထောက် မန်နေဂျာများ ဘဏ်လုပ်ငန်းဆိုင်ရာသင်တန်း အမှတ်စဉ်(၂/၂၀၀၉)ဆင်းပွဲ အခမ်းအနား သို့တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့်တာဝန်ရှိ သူများ၊ သင်တန်းနည်းပြဆရာ ဆရာမများ နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

စဉ်ဆက်မပြတ်

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ် လှထွန်းကဘဏ်လုပ်ငန်းကဏ္ဍကို စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာ့စီးပွား ရေးဘဏ်ရှိ အငယ်တန်း စီမံခန့်ခွဲမှုအဆင့် အရာထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက် ထက်မြက်စေရန် သက်ဆိုင်ရာ သင်တန်းများစဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြား ပေးနေခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် လေ့လာသင်ယူခဲ့သည့် ဘဏ်လုပ်ငန်းဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်း လုပ်ထုံးလုပ်နည်းများ၊ ဘဏ်လုပ်ငန်း ကြီးကြပ်ကွပ်ကဲမှု ပညာရပ် များကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုး ရှိစွာ ပေါင်းစပ်အသုံးချ ကြရမည်ဖြစ် ကြောင်း စသည်ဖြင့် မှာကြားသည်။

သင်တန်းဆင်းလက်မှတ်

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း က သင်တန်းထူးချွန် ပထမဆုရ ကချင် ပြည်နယ် မန်နေဂျာရုံးမှ လက်ထောက် မန်နေဂျာ ဒေါ်မိမိခိုင်၊ ဒုတိယဆုရ ပဲခူး ခရိုင်ဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဒေါ်ခင်ခင်ဆွေနှင့် တတိယဆုရ မန်စီ မြို့နယ်ဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဒေါ်ခင်ဝင်းတို့အား ဆုများကို ပေးအပ် ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်သည်။ **(သတင်းစဉ်)**

မဟာဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာ ရေးဦးစီးဌာနက ၂၀၀၉ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့ကြသော စာအောင် ပုဂ္ဂိုလ် ၂၆၅ပါး၊ ပထမပြန်စာမေးပွဲတွင် ပထမကျော် အပါအဝင် အထူးအောင်ပုဂ္ဂိုလ် ၁၂ ပါး၊ နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် အပါး၂၀၊ အဘိဓမ္မာဝိသုဒ္ဓိမဂ် စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယနှင့် တတိယရရှိသူ ကိုးဦးတို့အား ဘွဲ့တံဆိပ်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာ ဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၃၇၁ခုနှစ် တပို့တွဲလဆန်း၉ရက် (ဇန်နဝါရီ ၂၃ရက်) စနေနေ့ မွန်းတည့် ၁၂နာရီတွင် မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင် အခမ်းအနားသို့ ကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များအား ပင့်စာများ ပေးပို့ ဆက်ကပ်ပင့်ဆောင် ပြီး ဖြစ်သည်။ ပင့်စာများကို အချိန်မီ မရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ဇန်နဝါရီ ၂၂ရက်တွင် ရုံးချိန်အတွင်း မန္တလေးတိုင်း သာသနာရေးမှူးရုံးသို့ ဆက်သွယ် သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သတင်း ရရှိသည်။ *(သတင်းစဉ်)*

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ-စုစည်းရေးသားသည်

နယူးဆောက်ဝေးလ်၌ ရေကြီးနေ

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်၌ သုံးရက်ဆက်တိုက် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကြီးမှုဖြစ်ပေါ်ကာ လူ၁၀၀၀ကျော် ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရ ကြောင်း ဇန်နဝါရီ ၃ရက်က သတင်းဖော်ပြထားသည်။ ယင်းရေကြီးမှုကြောင့် ကိုအို နမ်ဘယ်မြို့နေ ပြည်သူ၁၂၀၀ကျော်တို့ ပင်လယ်ရေမျက်နှာပြင် ၁၈ပေအထိမြင့် တက်လာမှုကို ခြိမ်းခြောက်ခံနေကြရသည်။ (အောက်ပုံ)

ဘော်လီဘောကစားကွင်းတိုက်ခိုက်မှု တူရကီအပြစ်တင်

ပါကစ္စတန်နိုင်ငံ၌ လူ ၁၀၀နီးပါးသေဆုံးခဲ့ရပြီး ၆၀ကျော်ဒဏ်ရာရရှိခဲ့သည့် ဘော်လီဘောကစားကွင်းအား အကြမ်းဖက်တိုက်ခိုက်မှုအပေါ် တူရကီအစိုးရက ပြင်းထန်စွာပြစ်တင်ရှုတ်ချကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂ရက်တွင် ကြေညာသည်။

ဂုန်လျှော်တင်ပို့မှုပိတ်ပင်ချက် ဘင်္ဂလားဒေ့ရှ်အစိုးရ ရုပ်သိမ်း

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ပြည်ပသို့ ဂုန်လျှော်ကြမ်းတင်ပို့မှု ပိတ်ပင်ထားမြစ်ချက် ကို ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း၊ ဂုန်လျှော်ကုန်သည်ကြီးများက ယင်းကဲ့သို့ ရုပ်သိမ်း ပေးရန် ဖိအားပေးနေချိန်တွင် ယခုကဲ့သို့ ရုပ်သိမ်းပေးလိုက်ခြင်းဖြစ်ကြောင်း အင်္ဂလိပ် ဘာသာဖြင့် ထုတ်ဝေသည့် ထိပ်တန်းဖိုင်နင်ရှယ်အိပ်စ်ပရက်စ်သတင်းစာ၌ ဇန်နဝါရီ ၃ရက်က ဖော်ပြပါရှိသည်။

ဗြိတိန်သင်္ဘော ဆိုမာလီကမ်းလွန်၌ ပြန်ပေးဆွဲခံရ

ကားများတင်ဆောင်ပြီး စင်ကာပူမှ ဆော်ဒီအာရေဗျသို့ ခုတ်မောင်းနေသော အာရှ်ဂလိုရီအမည်ရှိ ဗြိတိန်၌ ကုန်တင်သင်္ဘောတစ်စင်းကို ဆိုမာလီကမ်းလွန်ပင်လယ် တွင် ဇန်နဝါရီ ၁ရက်က ပြန်ပေးဆွဲသွားကြောင်း၊ သင်္ဘောပေါ်တွင် သင်္ဘောသား ၂၅ဦး လိုက်ပါသွားသည်။

ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့က စစ်သွေးကြွနှစ်ဦးအားချေမှုန်း

ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ဝါဇီရစ္စတန် တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသတွင် စစ်သွေးကြွနှစ်ဦးထက် မနည်းချေမှုန်းခဲ့ပြီး အခြားနှစ်ဦးကိုဒဏ်ရာရရှိသွားစေသည်ဟု ပါကစ္စတန် လုံခြုံရေး တပ်ဖွဲ့က ဇန်နဝါရီ ၂ရက်၌ ပြောကြားသည်။

အင်္ဂါဂြိုဟ်လေ့လာရေး (၆)နှစ်မြောက်နေ့ ကျင်းပ

အင်္ဂါဂြိုဟ်ရှိ မျက်နှာပြင်အနေအထားကို လေ့လာနေသည့် လေ့လာရေး ဂြိုဟ်တု နှစ်ခု၏ (၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၃ရက်က ကျင်းပကြောင်း အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့ (နာဆာ)က ကြေညာသည်။

ဖင်လန်၌ လက်နက်ဥပဒေပြင်ဆင်မည်ဟု ဝန်ကြီးပြောကြား

ဖင်လန်နိုင်ငံသည် လက်နက်ကိုင်ဆောင်မှုများကို တင်းကျပ်စွာထိန်းချုပ်နိုင်ရေး အတွက် လက်နက်ဥပဒေကို ပြင်ဆင်မည်ဖြစ်ကြောင်း၊ ဖင်လန်ပြည်ထဲရေးဝန်ကြီး အင်နီ ဟိုလ်လွန့်က ပြောကြားကြောင်း ဖင်လန်မီဒီယာက ဇန်နဝါရီ ၂ရက်တွင် ဖော်ပြသည်။

မက္ကဆီကိုမြောက်ပိုင်း၌ ဘတ်စ်ကား ချောက်ထဲထိုးကျ

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ဘာဂျာကယ်လီဖိုးနီးယားပြည်နယ် လာရှုမိုရိုဆာ အဝေး ပြေးလမ်းမကြီး၏ ကီလိုမီတာ ၄၀အရောက်တွင် ဘတ်စ်ကားတစ်စီး မီတာ ၂၅၀နက် သည့် ချောက်ထဲသို့ ဒီဇင်ဘာ ၂ရက်က ထိုးကျ၍ နှစ်ပိုင်းပြတ်သွားရာမှ ၁၈ဦး သေဆုံးပြီး ၃၁ဦးဒဏ်ရာရရှိသွားသည်။

လျော်ကြေးပေးရေး ဥပဒေကိုလက်မခံရန် တောင်းဆို

အိုက်စလန်နိုင်ငံဘဏ်များပြိုလဲသွားချိန်တွင် ဗြိတိန်နှင့်နယ်သာလန်နိုင်ငံတို့မှ ဘဏ်ငွေစုဆောင်းသူများကြောင့် ဆုံးရှုံးသွားရသော အမေရိကန်ဒေါ်လာ ၅ဘီလီယံ လျော်ကြေးပေးရေးဥပဒေကြမ်းကို လက်မခံရန် အိုက်စလန်နိုင်ငံသား ၅၆၀၀၀တို့က ယင်းတို့၏ သမ္မတထံ ဇန်နဝါရီ ၂ရက်က အသနားခံစာတင်ထားသည်။

အိန္ဒိယမြောက်ပိုင်း၌ တစ်နေ့တည်း ရထားမတော်တဆမှု သုံးကြိမ်ဖြစ်ပွား

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် မီးရထားမတော်တဆမှု သုံးကြိမ်သီးခြားစီဖြစ်ပွားရာမှ ၁၀ဦးထက်မနည်းသေဆုံးပြီး ၆၀ကျော် ဒဏ်ရာရရှိသွားကြောင်း၊ ယင်းကဲ့သို့ ဖြစ်ရခြင်း မှာ မြူများထူထပ်စွာ ဆိုင်းနေသောကြောင့်ဖြစ်ကြောင်းသတင်းရရှိသည်။ *(ဥတ္တရပြဒေ့ရှ် ပြည်နယ် အက်တာဝါ၌ ရထားတိုက်သည့်အဖြစ်ကို လူအများလာရောက်ကြည့်ရှုစဉ်။)* ***(အောက်ပုံ)(အင်တာနက်)***

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့ လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ လည်းကောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးများက လွတ်လပ်ရေးနေ့ သဝဏ်လွှာများ ပေးပို့ကြသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရာ၌ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအခါသမယတွင် အစိုးရနှင့် ပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ကုလသမဂ္ဂအနေဖြင့် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များကို ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန် အဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်းကြိုးပမ်းဆောင်ရွက်မှုအပေါ် အားထားပါကြောင်း၊ မြန်မာနိုင်ငံ၏ ထောက်ခံမှုနှင့် လမ်းညွှန်မှုအပေါ်တွင် အားထားနိုင်ကြောင်း သိရှိရခြင်းအတွက် ဝမ်းမြောက်ဖွယ်ရာဖြစ်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E. Choummaly SAYASONE ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ပြည်သူများအနေဖြင့် လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ပြုလုပ်သွားမည် ဖြစ်ပါကြောင်း၊ ဒေသတွင်း တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုများရရှိရေးအတွက်လည်း အတူလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘွန်ညံဗိုရာချစ်က လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ရာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာ ပေးပို့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို စွမ်းအားပြည့် ဆက်လက်အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ လာအိုနှင့် မြန်မာနှစ်နိုင်ငံအကြား အနာဂတ်ကာလ၌ ဆက်ဆံရေး ပိုမိုခိုင်မာပြီး ဖွံ့ဖြိုး တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့လည်း လာအိုဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Bouasone BOUPHAVANH ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

ထို့အပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဒေါက်တာထောင်လွန်းဆီဆူလစ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

စင်ကာပူသမ္မတနိုင်ငံ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ စင်ကာပူသမ္မတနိုင်ငံ သမ္မတ အက်စ်အာနာသန် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရာ၌ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာနိုင်ငံသားများအားလုံး စိတ်ချမ်းမြေ့ပျော်ရွှင်ကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ မြန်မာနိုင်ငံနှင့် ကမ္ဘာ့စုံတွင် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်မှုများ အပြန်အလှန်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျော့ယိုးထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Nguyen Minn Triet ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော်နှင့်တကွ မြန်မာနိုင်ငံသားများ ချမ်းမြေ့ကြစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း၊ မြန်မာနှင့် ဗီယက်နမ်နှစ်နိုင်ငံအကြား ရင်းနှီးစွာ နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်းနှင့် ဒေသဆိုင်ရာတို့၌ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အတူလက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Nguyen Tan Dung ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အလားတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Pham Gia Khiem ထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အိန္ဒိယသမ္မတနိုင်ငံ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတမစ္စစ်ပါရာတီဘာဒေဗီ ဆင်းပတေးလ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာနိုင်ငံသားများ စိတ်ချမ်းမြေ့ကြစေရန် မိမိနှင့်အတူ အိန္ဒိယ နိုင်ငံသားအားလုံးက ဆုမွန်ကောင်းများ တောင်းပါကြောင်း၊ အိန္ဒိယနှင့် မြန်မာနှစ်နိုင်ငံ အကြား အချိန်ကြာမြင့်စွာကပင် ချစ်ကြည်ရင်းနှီးမှု ရှိခဲ့ပါကြောင်း၊ အနာဂတ်ကာလတွင် လည်း နယ်ပယ်စုံ ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်ဆံရေးတိုးတက်ဖြစ်ထွန်းရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဒီမီထရီ အေ မက်ဒ်ဗီဒက်ဗ်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်ဖြစ်ထွန်းနေမည်ဟု ယုံကြည်ပါကြောင်း၊ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးရရှိရန် လည်းကောင်း၊ နှစ်နိုင်ငံပြည်သူများ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းစေရန် အနာဂတ်ကာလ၌ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများ တောင်းအပ်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗလာဒီမီယာ ပူတင်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရာ၌ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးများ တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာဂျီဗ်လပ်ဗ်ရော့ဗ် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ ။ (ဆက်လက်ဖော်ပြပါမည်)

သမိုင်းရှိသည့် မြန်မာ

* နှစ်ပေါင်းရှည်ကြာ၊ ပြည်မြန်မာသည်
တည်လာခမ်းနား၊ ကိုယ့်စွမ်းအားနှင့်
သီးခြားနေပိုင်၊ အခြေခိုင်သည့်
ရွှေနိုင်ငံကြီး၊ ဂုဏ်ရှိန်ဟီးလျက်
ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့်
မြို့လမ်းစည်ကား၊ ရှာလည်းသာခဲ့
သာသနာရောင်လင်း၊ ထွန်းပျံ့ဝင်းနေ
ကွင်းပြည့်သီးနှံ၊ ရေမြေမှန်စွာ
သယံဇာတ၊ ပေါကြွယ်ဝ၍
ခနစီးပွား၊ ကြီးမားဝင့်ထည်ခဲ့တကား။

* နယ်ချဲ့သမား၊ နယ်လှည့်ကျားတို့
ဖွဲ့စားဝါးချင်၊ လိမ်ဉာဏ်ဆင်၍
စစ်ပြင်သိမ်းပိုက်၊ ကျွန်ကိန်းဆိုက်ခဲ့
စိတ်ကြိုက်ယုတ်မာ၊ ဒို့ဥစ္စာကို
ထုတ်ကာယူကြ၊ ခိုးစားပြနယ်
အမျိုးဘာသာ၊ သာသနာနှင့်
ဇာတိဂုဏ်သို့၊ သူရိုက်ချိုးခဲ့
လူမျိုးပျောက်ရန်၊ စိတ်ကောက်ကြံကြ
ဖောက်ပြန်ရှက်ကင်း၊ ကျွန်ဇာတ်သွင်းခဲ့
သက်ဆင်းနစ်ရှာ၊ နှစ်တစ်ရာတည့်....။

* မြန်မာတိုင်းသိ၊ သမိုင်းရှိခဲ့
နှိုင်းကြည့်မာန်တက်၊ ဓားလှံထက်ကာ
ရန်ဘက်ချေမှုန်း၊ တစ်ပြေ(ပြည်)လုံးမှ
စုရုံးလှုပ်ရှား၊ တိုင်းရင်းသားစုံ
အားမာန်ဟုန်ကြွ၊ လက်တွဲကြလျက်
မြန်မာ့လွတ်လပ်ရေး၊ ရခဲ့တကား....။

* ဘိုးဘွားအမွေပေး၊ လွတ်လပ်ရေးသည်
သွေးအသက်လျှ၊ စတေးယူရ
ဖေးကူမဲ့ကင်း၊ ဒုက္ခတွင်းမှ
မာန်တင်းရန်းထွက်၊ ရှုံးမဖက်ပြီ
တိုးတက်ပြိုင်စံ၊ ရွှေနိုင်ငံတည့်....။

* ညီနောင်ရင်းများ၊ ပြည်တွင်းအားတူ
ကြိုးစားယူပေး၊ လွတ်လပ်ရေးနှင့်
သွေးကြောချုပ်ခြာ၊ ဒို့အာဏာကို
ရန်ရှာမျက်ပွား၊ ဖျက်သမားတွေ
ဖယ်ရှားသုတ်သင်၊ သတိယှဉ်လျက်
အစဉ်ကာကွယ်ရမည်တကား။ ။

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်-

ပျဉ်းမနားမြင့်လှိုင်

အမိမြန်မာနိုင်ငံတော်ကြီး ထာဝစဉ်အစွန့်ရှည် တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးတိုးတက်စေရေး မှန်ကန်သည့် အမျိုးသားရေးမူဝါဒ၊ ထက်သန်သည့် မျိုးချစ်စိတ်ဓာတ်တို့ဖြင့် ဆက်လက်ဖော်ဆောင်

✳ ရှေ့ဖုံးမှ

စီမံဆောင်ရွက်လျက်ရှိ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် ချမှတ်ထားသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ကူးပြောင်းရေးအတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်နှင့်အညီ အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုပေးခဲ့ပြီးဖြစ်သည်။ ယခုနှစ်တွင် ရွေးကောက်ပွဲများကို စနစ်တကျ ကျင်းပရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

အောင်မြင်ရမည်

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးတည်ဆောက်ရေးမှာ မလွဲမသွေ အောင်မြင်ရမည် ဟူသော ယုံကြည်ချက် သန္နိဋ္ဌာန်စိတ်ဖြင့်-

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ် စောင့်ရှောက်ရေး၊

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

(၃) ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး

ဟူသော ၂၀၁၀ပြည့်နှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်ကို ကျွန်ုပ်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းများက လေးနက်ခိုင်မာစွာ ခံယူပြီး သစ္စာရှိရှိ၊ တာဝန်သိသိဖြင့် စည်းလုံးညီညွတ်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ မင်္ဂလာအခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ ရက်)

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ အလေးအနက်ခံယူ ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဖော်ဆောင်

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက် **(ယနေ့)**သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဖြစ်သည်။ နိုင်ငံတိုင်းတွင် နိုင်ငံသားတိုင်း အထွတ်အမြတ်ထား မြတ်နိုးသောအရာသည် လွတ်လပ်ရေးပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ခြင်းတည်းဟူသော အခြေခံအချက်ပေါ်တွင် မျိုးချစ်စိတ်ဓာတ်ဖြင့် တိုးတက်သော လူ့ဘောင်သစ်ဆီသို့ ဦးတည်ချီတက်နေသော နိုင်ငံဖြစ်သည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် မြန်မာ့မူလဗီဇလက္ခဏာများဖြစ်ကြသည့် နိုင်ငံနှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုသည့် စိတ်ဓာတ်၊ အချုပ်အခြာအာဏာကို မြတ်နိုးတွယ်တာ တန်ဖိုးထားသည့် စိတ်ဓာတ်၊ ကိုယ့်စာပေကိုယ့်ယဉ်ကျေးမှုနှင့် အမျိုးသားရေး ဂုဏ်သိက္ခာကို အထိပါးမခံသည့် စိတ်ဓာတ်များဖြင့် စည်းလုံးညီညွတ်စွာ လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက်လုံး လှုပ်ရှားဆောင်ရွက်ခဲ့ခြင်းကို သမိုင်းက အခိုင်အမာ သက်သေထူလျက်ရှိသည်။

ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းရေးအတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့ကို အကြားအလပ်မရှိ ဖြည့်ဆည်း ဖော်ဆောင်ပေးလျက်ရှိသည်။

အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် နိုင်ငံသားများကသာ နိုင်ငံတော်၏အနာဂတ်ကို ထိန်းသိမ်းစောင့်ရှောက်သွားနိုင်မည်ဖြစ်ရာ နိုင်ငံတော်က မျိုးဆက်သစ်လူငယ်များအား ဘက်စုံပညာပြည့်ဝသော နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ယနေ့လူငယ်များသည် ဘိုးဘေးများ၏ အသက်၊ သွေး၊ ချွေးတို့ဖြင့် ရင်းနှီးပေးဆပ်ရယူခဲ့ရသော လွတ်လပ်ခြင်း၊ တည်ငြိမ်အေးချမ်းခြင်းမှသည် တစ်ဆက်တည်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးတိုးတက်ခြင်း၏ လွတ်လပ်ရေး၏ အသီးအပွင့်များကို တိုင်းရင်းသားပြည်သူများ လက်တွေ့ရယူ ခံစားနေကြရပြီဖြစ်သည်။

ယနေ့မျိုးဆက်သစ်လူငယ်များသည် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များဖြစ်သည့် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲ ပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေးတို့ကို အလေးအနက်ခံယူပြီး လက်တွေ့နယ်ပယ်တွင် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဖော်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တောင်ပိုင်းဒေသများတွင် မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ယနေ့ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်မှအပ တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးအနည်းငယ် ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မြဝတီရုပ်မြင်သံကြား

၄-၁-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၅ ၇။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ မြန်မာစာ မြန်မာစကား
၄း၃၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅ ၆။ မျိုးချစ်တပ်မတော်
၅း၂၀ ၇။ စိုက်ပျိုးသုတ
၅း၃၀ ၈။ ဗွီစီဒီ ကျော်ကြားတေးများ
၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်
၆း၄၀ ၁၃။ သွက်လက်လှုပ်ရှား ကစားကြစို့လား
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၃၆)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk of the Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၇)

ဘက်စုံပညာပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာအောင် လေ့ကျင့်သင်ကြားပေး

တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး ဒေသအာဏာပိုင်များနှင့် ပညာရေးဝန်ထမ်းများ ပူးပေါင်းပါဝင်ကူညီ

လှူငယ်များ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ကာကွယ်မည့် နိုင်ငံ့သားကောင်းများအဖြစ် ရည်မှန်းကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၃

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ယနေ့ ညနေ၃နာရီတွင် နေပြည်တော်ဇေယျာသီရိမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပသည့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး ၂၀၀၉-၂၀၁၀ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

ထူးချွန်ဆုများချီးမြှင့်ပွဲ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နေပြည်တော်ခရိုင် နေပြည်တော်လယ်ဝေးမြို့နယ်၊ နေပြည်တော်ပျဉ်းမနားမြို့နယ်နှင့် နေပြည်တော် တပ်ကုန်းမြို့နယ်တို့မှ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ဖိတ်ကြားထားသူများ နှင့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး၊ တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ နှင့် တာဝန်ရှိသူများသည် ပညာရေးဖွံ့ဖြိုးမှုပြခန်းအတွင်း ခင်းကျင်းပြသထား သည့် အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍတို့၌ ပညာရည်မြင့်မားရေး ဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံများ၊ တက္ကသိုလ် အလိုက် သုတေသနလုပ်ငန်းများ တီထွင်မှုပြကွက်နှင့် အခြေခံပညာ ကျောင်းသား ကျောင်းသူများ၏ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှု လက်မှုစွမ်းရည်ပစ္စည်းများ ပြသ ထားမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "နိုင်ငံတော်သီချင်း"ဖြင့် တီးမှုတ်ဖွင့်လှစ်ပြီး "မြန်မာ့ကျောင်း" သီချင်းဖြင့် ဂုဏ်ပြုသီဆို ဖျော်ဖြေတင်ဆက်ကြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာတစ်ဝန်း သိပ္ပံနှင့် နည်းပညာများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာများ၏ အပြန်အလှန်အထောက်အကူပြု တိုးတက်လာမှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ လူမှုစီးပွားရေးဘဝကို အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လာစေခဲ့ကြောင်း၊ ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာမှုများနှင့် တစ်ချိန်တည်းမှာပင် နိုင်ငံရေး၊ စီးပွား ရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင် ကြုံတွေ့လာကြရသည့် စိန်ခေါ်မှုအမျိုးမျိုးကို

ရင်ဆိုင်နိုင်ရေးအတွက် ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ကြိုးပမ်း ဆောင်ရွက်လျက် ရှိကြကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် ပေါ်ထွန်းလာရေး ကြိုးပမ်း ဆောင်ရွက်ရာတွင် အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းများသည် အဓိကကျ သော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိတယ်ဟု ခံယူထားရှိခြင်းကြောင့် (၂၁)ရာစု တွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို အမျိုးသားရေးအသိအမြင် ရှင်သန် နိုးကြားစွာဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်မည့် ပညာရေးမြှင့်တင်မှု အစီအစဉ်များကို ၁၉၉၈-၉၉ ပညာသင်နှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ ကြောင်း။

အကောင်အထည်ဖော်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အတွက် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေး နှင့် ဒေသအလိုက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့် မွေးထုတ်ပေးနိုင်ရေးအတွက် ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှစတင်ပြီး အမျိုးသား ပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် စီမံကိန်းလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်ဆိုလျှင် ဒုတိယနှစ်တို(၅)နှစ်စီမံကိန်း၏ စတုတ္ထနှစ်ဖြစ်ပြီး ပညာရေး အရည်အသွေးမြင့်မားရေးလုပ်ငန်းများကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ်နိုင်ငံတော်ကို အရည်အသွေးမြင့်မားသည့် မျိုးဆက်သစ်လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းပြည့်စုံရေး စီမံဆောင်ရွက် ပေးလျက်ရှိသကဲ့သို့ တစ်ချိန်တည်းမှာပင် သက်ကြီးစာတတ်မြောက်မှုနှုန်း မြင့်မား ရေးအတွက် သက်ကြီးစာတတ်မြောက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ် များ၊ အသုံးလုံးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

တိုးချဲ့ဖွင့်လှစ်

ထို့ပြင် အခြေခံပညာကဏ္ဍတွင် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေးပြည့်ဝရေးအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးပြီး လုပ်ငန်းခွင် ဆရာ ဆရာမများအဖြစ် တိုက်ရိုက်ခန့်အပ် တာဝန်ပေးအပ်ခြင်း၊ အခြေခံပညာအဆင့် အလိုက် ဆရာ ဆရာမများအား ဘာသာရပ်သင်ကြားရေး မွမ်းမံသင်တန်းများ၊ ဉာဏ်သစ်လောင်းသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးခြင်းတို့ကို ဆောင်ရွက် ပေးခဲ့ကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအရ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်စုစုပေါင်း ၁၅၉ ကျောင်း ဖွင့်လှစ် ပေးခဲ့ပြီး မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့ ဖွင့်လှစ်ပေးခြင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်အလိုက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများ ဖွဲ့စည်းပြီး ဒေသအလိုက် လူမှုစီးပွားရေးလုပ်ငန်းများ၌

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရ ကျောင်းများမှ ကျောင်းအုပ်ကြီးများအား ဆုများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်

အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီး ဌာနဝန်ကြီး ဦးစိုးသာ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထူးချွန်ဆုပေးအပ်ချီးမြှင့်

ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

လက်တွေ့အသုံးပြုနိုင်မည့် သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ နိုင်ငံ့အကျိုးပြု သုတေသန လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ အီလက်ထရွန်နစ် သတင်းအချက်အလက် လွှင့်ထုတ်မှုစနစ်ကို ထူထောင်ပေးခြင်း၊ ရုံးဌာန၊ တက္ကသိုလ်၊ ကောလိပ် ၇၁ ခုနှင့် အခြေခံပညာကျောင်း ၆၅၆ ကျောင်း၌ e-Education Learning Centre များ ဖွဲ့စည်းအသုံးပြုခြင်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် ပညာသင်ယူမှု အခွင့်အလမ်းများကို ပိုမိုတိုးချဲ့ ဖွင့်လှစ်ပေးနိုင်ခဲ့သကဲ့သို့ ပညာရေး အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများကိုလည်း ကြပ်မတ်ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

ကြပ်မတ်ဆောင်ရွက်

ထို့ပြင် အဆင့်မြင့်ပညာကဏ္ဍတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေး ပြည့်ဝရေးအတွက် တက္ကသိုလ်ဆရာ ဆရာမများအား ပါရဂူဘွဲ့သင်တန်းများသို့ တက်ရောက်စေခြင်း၊ ဘာသာရပ်အလိုက် နိုင်ငံ့အကျိုးပြု သုတေသနလုပ်ငန်းများ လုပ်ဆောင်စေခြင်း၊ ပြည်တွင်းပြည်ပ ပညာရေးဆွေးနွေးပွဲများသို့ ပါဝင်တက်ရောက်စေခြင်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း။

လေ့လာသုံးသပ်

သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် အခြေခံပညာကဏ္ဍ၌ အထက်တန်းအဆင့် ဘာသာရပ် သင်ရိုးမာတိကာ ရေးဆွဲပြုစုရေးအဖွဲ့များဖြင့် နိုင်ငံတကာအဆင့်မီ မြှင့်တင်ရေးဆွဲပြုစုပြီး ၂၀၀၈-၂၀၀၉ပညာသင်နှစ်မှ စတင်လေ့ကျင့် သင်ကြားပေးခဲ့သကဲ့သို့ အဆင့်မြင့်ပညာကဏ္ဍ၏ ဘာသာရပ်အလိုက် နိုင်ငံတကာ သင်ရိုးမာတိကာများနှင့် ညှိနှိုင်းပြုပြင်ရေးဆွဲခြင်း၊ ၂၀၀၇ခုနှစ်ကစတင်ပြီး အဆင့်မြှင့်တင်ရေးဆွဲထားသည့် သင်ရိုးမာတိကာများဖြင့် လေ့ကျင့်သင်ကြားပေးခြင်း၊ ဘွဲ့ကြိုဘွဲ့လွန်သင်တန်းများ၌ အင်္ဂလိပ်စာဘာသာရပ်ကို မယူမနေရ ဘာသာရပ်အဖြစ်

ထည့်သွင်းသင်ကြားပေးခြင်း၊ သက်ဆိုင်ရာ ဘာသာရပ်စာတမ်းနှင့် သုတေသနကျမ်းများ ပြုစုတင်သွင်းစေခြင်း၊ တက္ကသိုလ်အလိုက် သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးရေးအဖွဲ့ (Curriculum Development Team) များဖွဲ့စည်းပြီး ပြန်လည်လေ့လာသုံးသပ်ခြင်းများကို အကောင်အထည်ဖော်လျက်ရှိကြောင်း။

မြန်မာ့ပညာရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရာတွင် ပညာထူးချွန်ထက်မြက်သည်သာမက စိတ်ဓာတ်နှင့်စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သည့် ဘက်စုံထူးချွန်သူများ ပေါ်ထွန်းလာရေးကို မျှော်မှန်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်ထောက်ကူပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားရေး၊ သင်ရိုးမာတိကာများ အပြည့်အဝ လေ့ကျင့်သင်ကြားရေးနှင့် ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးတို့အတွက် ၂၀၀၆-၂၀၀၇ပညာသင်နှစ်ကစပြီး ဦးစီးဌာနအလိုက် ကျောင်းစစ်ဆေးရေးအဖွဲ့များဖွဲ့စည်းကာ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများကို သုံးလတစ်ပတ်လည် ကွင်းဆင်းစစ်ဆေး ကြပ်မတ်ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် တက္ကသိုလ်၊ ကောလိပ်များသို့ အမြဲမပြတ် ကွင်းဆင်းစစ်ဆေး ကြပ်မတ်လျက်ရှိကြောင်း၊ အခြေခံပညာကဏ္ဍ၌ မြို့နယ်ပညာရေးမှူးများနှင့်အထက်တန်းကျောင်းအုပ်ကြီးများ၏ ကျောင်း၊ ရုံးစီမံခန့်ခွဲမှု အရည်အသွေးမြင့်မားရေးဆိုင်ရာ အခြေခံပညာကျောင်းအုပ်ချုပ်မှု မွမ်းမံ

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ၂၀၀၉-၂၀၁၀ပညာသင်နှစ် ဒသမတန်း ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သင်တန်းများကို ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိသည့်အတွက် လုပ်ငန်းကဏ္ဍအလိုက် တိုးတက်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း။

ဖြည့်ဆည်းပံ့ပိုး

အမျိုးသားပညာရည် မြင့်မားရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ပညာရေးဝန်ကြီးဌာနက အနီးကပ်စီမံခန့်ခွဲမှုဖြင့် စနစ်တကျဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံနှင့်အဝန်း ဖြန့်ကြက်တည်ရှိနေသည့် အခြေခံပညာကျောင်းများ၌ တက်ရောက်နေကြသော ကျောင်းသား ကျောင်းသူများ၏ ကျောင်းနေမြဲရေး၊ သင်ယူတတ်မြောက်မှု စွမ်းရည်မြင့်မားရေး၊ ကျောင်းဥပမိတိုးတက်ကောင်းမွန်ရေးတို့အတွက် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးစေတနာရှင်များ၊ မိဘပြည်သူများအနေနှင့်လည်း ဆက်လက်ပြီး တက်ညီလက်ညီ ပူးပေါင်းပါဝင်ဖြည့်ဆည်းပံ့ပိုးပေးကြဖို့ တိုက်တွန်းပြောကြားလိုကြောင်း။

အခုလို နှစ်စဉ်ကျင်းပနေသည့် ပညာရေးစုံညီပွဲတော်များ၌ ဂုဏ်ပြုချီးမြှင့်မှု ရရှိကြသည့် ကျောင်းသား ကျောင်းသူများ၊ ထူးချွန်ကျောင်းများအနေနှင့် မိမိတို့ တစ်ဦးချင်းမှ မိမိတို့ဒေသအဆင့်၊ ဒေသအဆင့်မှ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့်အထိ မြန်မာ့ပညာရေးလောက၏ဂုဏ် နိုင်ငံတော်၏ ဂုဏ်ဆောင်သည့် စံနမူနာပြပုဂ္ဂိုလ်များအား မြန်မာနိုင်ငံ ပညာရေးကော်မတီ၏ တာဝန်ပေးအပ်မှုအဖြစ် ခံယူပြီး အစဉ်တစိုက် ဆက်လက်ကြိုးပမ်းသွားကြဖို့ အလေးအနက် တိုက်တွန်းပါကြောင်း။

နိဂုံးချုပ်အနေနှင့် -

- **ကျောင်းသား ကျောင်းသူ လူငယ်များအနေနှင့် အနာဂတ်ကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မည့် နိုင်ငံတော်က အားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့သားကောင်းများအဖြစ် ရည်မှန်းကြိုးပမ်းသွားကြပါ။**

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ၂၀၀၉-၂၀၁၀ပညာသင်နှစ် ပညာရေးစုံညီပွဲတော်၌ ပြသထားသည့် ပညာရေးဖွံ့ဖြိုးမှုပြခန်းအတွင်း ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်

အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် ဒသမတန်း ဘက်စုံပညာ ထူးချွန်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

- **ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများအနေနှင့်လည်း အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းလုပ်ငန်းစဉ်များနှင့်အညီ ကျောင်းသားကျောင်းသူလူငယ်များကို ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်း သမီးမွန်များ၊ကမ္ဘာ့လူ့ရည်မွန်များ၊ ဘက်စုံပညာပြည့်ဝသည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များအဖြစ် ပေါ်ထွန်းလာအောင် လေ့ကျင့်သင်ကြားပေးကြပါ။**
- **မိဘပြည်သူများ၊ ပညာရေးစေတနာရှင်များအနေနှင့်လည်း တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ဒေသအာဏာပိုင်များ၊ ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် အပြည့်အဝ ပူးပေါင်းပါဝင်ကူညီပံ့ပိုးပေးကြပါဟု တိုက်တွန်းမှာကြားပါကြောင်းဖြင့် ပြောကြားသည်။**

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ၂၀၀၉- ၂၀၁၀ ပညာသင်နှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ပညာရေးလုပ်ငန်းများ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော် ပျဉ်းမနား အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **'ဘက်စုံဆင့်နွဲဆုနှင်းပွဲ'** သီချင်းဖြင့် ဂုဏ်ပြုသီဆို ဖျော်ဖြေတင်ဆက်ကြသည်။

ဂါရဝပြုပေးအပ်

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်တို့ထံ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အထိမ်းအမှတ်ဂုဏ်ပြုလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဒသမတန်း ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ၂၀၀၉-၂၀၁၀ ပညာသင်နှစ် အဋ္ဌမတန်း ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ၂၀၀၉-၂၀၁၀ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများ၊ အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများ၊ အဋ္ဌမအကြိမ်မြောက် သင်္ချာအိုလံပစ်ပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများ၊ မြန်မာနှင့် နိုင်ငံတကာလူမှုဆက်ဆံရေး ထုံးဓလေ့တတ်ကျွမ်းမှုပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများ၊ နိုင်ငံတကာ ပန်းချီပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ကျောင်းသား ကျောင်းသူများ၊ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ကျောင်းသား ကျောင်းသူများ၊ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးစီမံချက်အရ ထူးခြားသည့်ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဆောင်ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဖျော်ဖြေတင်ဆက်

ယင်းနောက် နေပြည်တော် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **'စုံညီပွဲတော် တို့နွဲပျော်'** သီချင်းဖြင့်လည်းကောင်း၊ နေပြည်တော်ပျဉ်းမနားမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **'ဓာတီမာန်'** သီချင်းဖြင့်လည်းကောင်း ဂုဏ်ပြုသီဆို ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

*** ကျောဖုံးမှ**

ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များအားလည်းကောင်း၊ စာပေနှင့် အနုသုခုမ ပညာရပ်များ၌ ထူးခြားကောင်းမွန်စွာ တတ်မြောက်သူ ပုဂ္ဂိုလ်များအားလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းထမ်းဆောင်ကြသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ နိုင်ငံတော်နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြသော နိုင်ငံခြားခေါင်းဆောင်များ၊ နိုင်ငံခြားသံတမန်များနှင့် ပုဂ္ဂိုလ်များအားလည်းကောင်း ထိုက်တန်သော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်နိုင်ရန်နှင့် သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို သံဃာတော်များ၊ သီလရှင်များအား ဆက်ကပ်လှူဒါန်းခြင်း၊ လူပုဂ္ဂိုလ်များအား သာသနာပြုဘွဲ့၊ သာသနနုဂ္ဂဟဘွဲ့များ ချီးမြှင့်အပ်နှင်းနိုင်ရန်အလို့ငှာ ဤပြဋ္ဌာန်းချက်ကို ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။

ချီးမြှင့်ဂုဏ်ပြု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်စေရန် ရည်မှန်းချက်ထား၍ ဘက်စုံထောင့်စုံက ပြုပြင်တည်ဆောက်လျက်ရှိသည်။ ဤသို့ နိုင်ငံတော်သစ်တည်ဆောက်ရာ၌ လိုအပ်လျက်ရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ခုနှစ် မေတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုနိုင်ခဲ့ပြီး ဖြစ်သည်။ ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာ၌ ပါဝင်ဆောင်ရွက်ကြသည့် ဂုဏ်ပြုသင့်၊ ဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ဂုဏ်ပြုသွားမည်ဖြစ်သည်။

၁၉၄၈ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံနှင့်လျော်ညီအောင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို တီထွင်ပြဋ္ဌာန်း ချီးမြှင့်ခဲ့သည်။ ၁၉၄၈ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ လွတ်လပ်ရေးမော်ကွန်းဝင်တံဆိပ်(ပ၊ ဒု၊ တ)

၂။ သင်္ဂဟဂုဏ်ထူးဆောင်ဘွဲ့

(က) သုဓမ္မသင်္ဂဟ

(၁) အဂ္ဂမဟာသီရိသုဓမ္မဘွဲ့
(၂) သတိုးသီရိသုဓမ္မဘွဲ့
(၃) မဟာသီရိသုဓမ္မဘွဲ့

(ခ) ပြည်ထောင်စုစည်သူသင်္ဂဟ

(၄) အဂ္ဂမဟာသရေစည်သူဘွဲ့
(၅) သတိုးမဟာသရေစည်သူဘွဲ့
(၆) မဟာသရေစည်သူဘွဲ့
(၇) သရေစည်သူဘွဲ့
(၈) စည်သူဘွဲ့

၃။ စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့(ပေးအပ်ထားခြင်း မရှိပါ)

၄။ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ

(က) သီရိပျံချီဘွဲ့
(ခ) ဝဏ္ဏကျော်ထင်ဘွဲ့
(ဂ) အလင်္ကာကျော်စွာဘွဲ့
(ဃ) သိပ္ပကျော်စွာဘွဲ့
(င) ဇေယျကျော်ထင်ဘွဲ့

၅။ စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်များ

(က) အောင်ဆန်းသူရိယ
(ခ) သီဟသူရ
(ဂ) သူရ
(ဃ) အောင်ဆန်းတံဆိပ်
(င) သီဟဗလတံဆိပ်
(စ) သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်
(ဆ) ပြည်ထောင်စုရွှေတံဆိပ်
(ဇ) ပြည်ထောင်စုငွေတံဆိပ်
(ဈ) စစ်မှုထမ်းကောင်းတံဆိပ်
(ည) နိုင်ငံတော်စစ်မှုထမ်းကောင်းတံဆိပ်
(ဋ) ရဲမှုထမ်းကောင်းတံဆိပ်(ပ၊ဒု)

၆။ စွမ်းဆောင်မှုဆိုင်ရာတံဆိပ်များ(ပေးအပ်ထားခြင်း မရှိပါ)

၁၉၇၄ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် ပါလီမန်ဒီမိုကရေစီခေတ်က ချီးမြှင့်ခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များအား ဆိုရှယ်လစ်ခေတ်စနစ်အခြေအနေနှင့်ကိုက်ညီအောင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို အသစ်ပြင်ဆင်ထုတ်ပြန် ပြဋ္ဌာန်းခဲ့သည်။ ပြဋ္ဌာန်းချက်အသစ်အရ ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ကာကွယ်စောင့်ရှောက်သူများ၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တိုးတက်ဖြစ်ထွန်းမှုအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သူများနှင့် နိုင်ငံတော်ကို သက်စွန့်ကြိုးပမ်း ကာကွယ်စောင့်ရှောက်သူများအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းခဲ့ကြောင်း တွေ့ရှိရသည်။ ၁၉၇၄ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ ကာလအတွင်း ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ လွတ်လပ်ရေးမော်ကွန်းဝင်တံဆိပ် (ပ၊ ဒု၊ တ)

၂။ ဂုဏ်ထူးဆောင်ဘွဲ့

(က) တံခွန်အဖွဲ့

(၁) အောင်ဆန်းတံခွန်ဘွဲ့
(၂) ပြည်ထောင်စုတံခွန်ဘွဲ့
(၃) တံခွန်ဘွဲ့

(ခ) ဇာနည်အဖွဲ့

(၁) လမ်းစဉ်ဇာနည်ဘွဲ့
(၂) ပြည်ထောင်စုဇာနည်ဘွဲ့
(၃) ဇာနည်ဘွဲ့

(ဂ) နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပ၊ဒု) (အမည်နှင့်တွဲ၍ သုံးစွဲခွင့်မရှိပါ)

၃။ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့

(က) အောင်ဆန်းသူရိယဘွဲ့
(ခ) သီဟသူရဘွဲ့
(ဂ) သူရဘွဲ့

၄။ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ (ပေးအပ်ထားခြင်း မရှိပါ)

၅။ စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်များ

(က) အောင်ဆန်းတံဆိပ်
(ခ) သီဟဗလတံဆိပ်
(ဂ) သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်
(ဃ) ရဲသီဟတံဆိပ်
(င) ရဲသူရတံဆိပ်
(စ) ရဲဗလတံဆိပ်

၆။ စွမ်းဆောင်မှုဆိုင်ရာတံဆိပ်များ

(က) ဆိုရှယ်လစ်စီးပွားရေး စွယ်စုံထူးချွန်တံဆိပ်
(ခ) လယ်ယာစီးပွား ထူးချွန်တံဆိပ် (ပ၊ ဒု၊ တ)
(ဂ) စက်မှုစီးပွား ထူးချွန်တံဆိပ် (ပ၊ ဒု၊ တ)
(ဃ) ဆိုရှယ်လစ်ဒီမိုကရေစီစွယ်စုံထူးချွန်တံဆိပ်
(င) စီမံထူးချွန်တံဆိပ် (ပ၊ ဒု၊ တ)
(စ) လူမှုထူးချွန်တံဆိပ် (ပ၊ ဒု၊ တ)
(ဆ) အရေးတော်ပုံတံဆိပ်
(ဇ) လွတ်လပ်ရေး စည်းရုံးမှုတံဆိပ်
(ဈ) လွတ်မြောက်ရေးတံဆိပ်
(ည) စစ်မှုထမ်းကောင်းတံဆိပ်
(ဋ) ပြည်သူ့သားကောင်းတံဆိပ်
(ဌ) စွန့်လွှတ်သူတံဆိပ်
(ဍ) နိုင်ငံတော်စစ်မှုထမ်းတံဆိပ်
(ဎ) ပြည်ပရန်နှိမ်တံဆိပ်
(ဏ) ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ်
(တ) ရဲသူရိန်တံဆိပ်
(ထ) ရဲကျော်စွာတံဆိပ်
(ဒ) ရဲကျော်သူတံဆိပ်
(ဓ) ရဲမှုထမ်းကောင်းတံဆိပ်
(န) နိုင်ငံတော်ရဲမှုထမ်းတံဆိပ်
(ပ) ပြည်သူ့ရဲပူးတွဲတိုက်ပွဲဝင်တံဆိပ်
(ဖ) ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်
(ဗ) ပြည်သူ့ဝန်ထမ်းတံဆိပ်
(ဘ) ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်

ပြောင်းလဲသတ်မှတ်

၁၉၈၈ခုနှစ်တွင် ပြည်ထောင်စုပြိုကွဲပျက်စီးတော့မည့် အခြေအနေဖြစ်ပေါ်ခဲ့၍ နိုင်ငံတော်ကို တပ်မတော်က တာဝန်ယူထိန်းသိမ်းခဲ့ရသည်။ တပ်မတော်အစိုးရလက်ထက်တွင် ၂၀၀၈ ခုနှစ်အထိ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် ပတ်သက်၍ တီထွင်ပြောင်းလဲသတ်မှတ်မှုမရှိခဲ့ဘဲ ဘွဲ့၊ တံဆိပ်အများစုကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ချီးမြှင့်ခဲ့သည့် ဘွဲ့၊ တံဆိပ်များအတိုင်းသာ ကျင့်သုံးဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည်။ သို့သော် ၂၀၀၁ခုနှစ် စက်တင်ဘာ ၁၃ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်၊ ၃၃/၂၀၀၁ကို ထုတ်ပြန်လျက် ပညာရပ်ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို ပြဋ္ဌာန်းပေးခဲ့သည့်အတွက် စွမ်းဆောင်မှုဆိုင်ရာ တံဆိပ်များအပိုင်းတွင် ယခင်တံဆိပ် ၂၄မျိုးသာ ချီးမြှင့်ခဲ့ရာမှ အမျိုး ၃၀အထိ ပြောင်းလဲသတ်မှတ် ချီးမြှင့်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

ပြဋ္ဌာန်းပေးခဲ့

သို့သော် နိုင်ငံတော်၌ လက်ရှိကျင့်သုံးနေသည့် ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ သတ်မှတ်ချက်များသည် ယခင်ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ကာကွယ်စောင့်ရှောက်သူများအား ချီးမြှင့်သည့်ဘွဲ့နှင့် တံဆိပ်အမျိုးအစားများဖြစ်နေသည့်အတွက် ပြောင်းလဲလာသည့် ခေတ်စနစ်အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် ရည်ရွယ်လျက် ယခုအခါ ပြင်ဆင်သတ်မှတ် ပြဋ္ဌာန်းပေးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ ဒီမိုကရေစီစနစ်သို့ အဆင့်ဆင့် ကူးပြောင်းဖော်ဆောင်လျက်ရှိရာ အဆင့် (၅)ဖြစ်သည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ပြည့်နှစ်တွင် ကျင်းပသွားမည်ဖြစ်သည်။ ၎င်းရွေးကောက်ပွဲ အောင်မြင်ပြီးမြောက်မှုနှင့်အတူ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ရပ်လုံးကြွ ပုံပေါ်လာတော့မည်ဖြစ်ရာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးအတွက် တိုင်းပြည်နှင့်လူမျိုးအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးထမ်းဆောင်နိုင်ကြသူများအား ဒီမိုကရေစီခေတ်စနစ် အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ချီးမြှင့်ဂုဏ်ပြုရမည်ပင် ဖြစ်သည်။

ပိုမိုကောင်းမွန်အောင်ဆောင်ရွက်

ထိုသို့ ချီးမြှင့်အပ်နှင်းဂုဏ်ပြုရာ၌ ခေတ်စနစ်အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ခေတ်အလိုက် ပြဋ္ဌာန်းထားရှိခဲ့သည့် ဘွဲ့တံဆိပ်များအနက် အချို့ကို ဆက်လက်အသုံးပြုခြင်း၊ အချို့ကို ပယ်ဖျက်ခြင်း၊ အချို့ကို ပြန်လည်ပြဋ္ဌာန်းခြင်းနှင့် ဘွဲ့တံဆိပ်ပုံသဏ္ဌာန်များအား မူလအနှစ်သာရကိုအခြေခံ၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းများသာ ပြုလုပ်ခဲ့သည်။

ထို့ကြောင့် ယခုထုတ်ပြန်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်သည် အသစ်တီထွင် ထုတ်ပြန်ပြဋ္ဌာန်းခြင်းမျိုးမဟုတ်ဘဲ ပါလီမန်ဒီမိုကရေစီခေတ်က အသုံးပြုခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကိုပင် ယနေ့ခေတ်နှင့်အညီ ပြန်လည်အသုံးပြုပြဋ္ဌာန်း သတ်မှတ်ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။ ယနေ့ထုတ်ပြန် ပြဋ္ဌာန်းလိုက်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် အဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ သင်္ဂဟဂုဏ်ထူးဆောင်ဘွဲ့

(က) သုဓမ္မသင်္ဂဟ

(၁) အဂ္ဂမဟာသီရိသုဓမ္မဘွဲ့
(၂) သတိုးသီရိသုဓမ္မဘွဲ့
(၃) မဟာသီရိသုဓမ္မဘွဲ့

(ခ) ပြည်ထောင်စုစည်သူသင်္ဂဟ

(၄) အဂ္ဂမဟာသရေစည်သူဘွဲ့
(၅) သတိုးမဟာသရေစည်သူဘွဲ့
(၆) မဟာသရေစည်သူဘွဲ့
(၇) သရေစည်သူဘွဲ့
(၈) စည်သူဘွဲ့

၂။ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့

(က) အောင်ဆန်းသူရိယဘွဲ့
(ခ) သီဟသူရဘွဲ့
(ဂ) သူရဘွဲ့

၃။ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ

(က) သီရိပျံချီဘွဲ့
(ခ) ဇေယျကျော်ထင်ဘွဲ့
(ဂ) ဝဏ္ဏကျော်ထင်ဘွဲ့
(ဃ) အလင်္ကာကျော်စွာဘွဲ့
(င) သိပ္ပကျော်စွာဘွဲ့

၄။ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ

(က) အောင်ဆန်းတံဆိပ်
(ခ) သီဟဗလတံဆိပ်
(ဂ) သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်
(ဃ) ရဲသီဟတံဆိပ်
(င) ရဲသူရတံဆိပ်
(စ) ရဲဗလတံဆိပ်

၅။ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ

(က) မြန်မာနိုင်ငံစစ်မှုထမ်း သင်္ဂဟတံဆိပ်
(ခ) စစ်မှုထမ်းကောင်းတံဆိပ်
(ဂ) ပြည်သူ့သားကောင်းတံဆိပ်
(ဃ) နိုင်ငံတော်စစ်မှုထမ်းတံဆိပ်
(င) ပြည်ပရန်နှိမ်တံဆိပ်
(စ) ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ်
(ဆ) ရဲသူရိန်တံဆိပ်
(ဇ) ရဲကျော်စွာတံဆိပ်
(ဈ) ရဲကျော်သူတံဆိပ်
(ည) ရဲမှုထမ်းကောင်းတံဆိပ်
(ဋ) နိုင်ငံတော်ရဲမှုထမ်းတံဆိပ်
(ဌ) မြန်မာနိုင်ငံရဲပူးတွဲတိုက်ပွဲဝင်တံဆိပ်
(ဍ) ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်
(ဎ) ပြည်သူ့ဝန်ထမ်းတံဆိပ်
(ဏ) ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်
(တ) နိုင်ငံတော်အေးချမ်းသာယာရေးတံဆိပ်

အထက်ပါစာရင်းအရ ဂုဏ်ထူးဆောင်ဘွဲ့ ၁၆မျိုးနှင့် ဂုဏ်ထူးဆောင်တံဆိပ် ၂၂မျိုး ပါဝင်သည်။ ဂုဏ်ထူးဆောင်ဘွဲ့များအတွက် ဂုဏ်ထူးဆောင် အဆောင်အယောင်တံဆိပ်၊ ပုံတူတံဆိပ်ငယ်နှင့် ဂုဏ်ပြုစာလွှာတို့အပြင် ချီးမြှင့်ထောက်ပံ့ငွေများကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်တံဆိပ်များအတွက် ဂုဏ်ထူးဆောင်တံဆိပ်၊ ပုံတူတံဆိပ်ငယ်နှင့် ဂုဏ်ပြုစာလွှာတို့အပြင် ချီးမြှင့်ထောက်ပံ့ငွေများကိုလည်းကောင်း ထိုက်ထိုက်တန်တန် ချီးမြှင့်ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်ခံစားခွင့်ပြုမည်

၎င်းအပြင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရပါက သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခွင့် ရရှိမည်ဖြစ်သည်။ ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းမပြုမီ ယခင်က ချီးမြှင့်ခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း ခံရသူများအနေဖြင့်လည်း ရရှိပြီး ဘွဲ့၊ တံဆိပ်၊ ချီးမြှင့်ထောက်ပံ့ငွေနှင့် အကျိုးခံစားခွင့်များကို ဆက်လက်ခံစားခွင့်ပြုမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၁-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၆:၄၅ ၁။ **၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနား ကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
၈:၀၀ ၂။ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၃။ လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် (ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း)
၈:၄၅ ၄။ International News
၉:၀၀ ၅။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ Myanmar National League MNL Cup (2009)ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ရတနာပုံ F.Cနှင့် ဇေယျာရွှေမြေF.C)
၄:၅၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၅:၀၀ ၃။ တေးဂီတအစီအစဉ်
၅:၁၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတု၊ ရူပ၊ စီးပွားရေးပညာ၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြုများ) (သင်္ချာ)
၅:၃၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၃၅ ၆။ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၅:၄၅ ၇။ **ရူပါတေးသံရှင် ရွေးချယ်ပွဲ**
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၁၅ ၉။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၀။ **ဆိုကြမယ်၊ ပျော်ကြမယ်**
၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၂၂)
၇:၄၅ ၁၂။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၁၃)
၁၇။ အစီအစဉ်ပြီး၏။

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

လီဗာပူးမှ တောရက်စ် ဈေးအကြီးဆုံးဖြစ်လာနိုင်ဖွယ်ရှိ

တောရက်စ်သည် ယခုနွေရာသီတွင် လီဗာပူးမှ ထွက်ခွာလျှင် ကမ္ဘာပေါ်၌ ဈေးအကြီးဆုံး ဘောလုံးသမားဖြစ်လာနိုင်ဖွယ်ရှိကြောင်း၊ ချယ်လ်ဆီးနှင့် မန်စီးတီးတို့သည် စပိန်တိုက်စစ်မှူး တောရက်စ်အား အဓိက ပစ်မှတ်အဖြစ် ထားနေကြကြောင်း၊ သို့သော်လည်း တောရက်စ်အတွက် ပြောင်းရွှေ့ကြေးနှင့် လစာစုစုပေါင်း ပေါင်သန်း ၁၄၀ ပုံပေးဝယ်ယူရဖွယ်ရှိကြောင်း နယူးစ်အော့ဖ် သည်ဝေါလ်က ဖော်ပြသည်။

ဂျရတ်အား ခေါ်ယူရန် မော်ရင်ဟိုကြိုးစားနေ

အင်တာမီလန်နည်းပြ မော်ရင်ဟိုသည် လီဗာပူးကွင်းလယ်ကစားသမား စတီဗင်ဂျရတ်အား ပေါင်သန်း ၄၀ဖြင့် ခေါ်ယူရန် ကြိုးစားနေကြောင်း ဆန်းဒေးအိတ်စ်ပရက်စ်၌ ဖော်ပြသည်။

ပေါ်တိုတိုက်စစ်မှူး ဟတ်ခ်အား မန်ယူလေ့လာအကဲခတ်နေ

မန်ယူအသင်းသည် ပေါ်တိုအသင်းမှ ဘရာဇီးတိုက်စစ်မှူး ဟတ်ခ်အား ပေါင်သန်း ၂၀ဖြင့်ခေါ်ယူရန် လေ့လာအကဲခတ်နေကြောင်း၊ အသက် ၂၃နှစ်ရှိ ဟတ်ခ်၏ အမည်ရင်းမှာ ဂီဗာနီလ်ဒိုဗီရာဒီဆိုယူဇာဖြစ်ပြီး အာဆင်နယ်အသင်းကလည်း ခေါ်ယူလိုစိတ် ပြင်းပြလျက်ရှိကြောင်း နယူးစ်အော့ဖ်သည်ဝေါလ်၌ ဖော်ပြသည်။

တိုက်စစ်ကို ဟတ်စကီးဖြင့် ဖြည့်ရန် အန်ဆယ်လော့တီ စီစဉ်နေ

ချယ်လ်ဆီးနည်းပြ ကားလို့စ်အန်ဆယ်လော့တီသည် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲအတွက် ဇာတိနိုင်ငံသို့ လေးပတ်ကြာ သွားရောက်ရမည့် တိုက်စစ်မှူး ဒရော့ဘာနေရာတွင် အစားထိုးနိုင်ရန် အက်စတွန်ဗီလာတိုက်စစ်မှူး ဟတ်စကီးအား ပေါင်လေးသန်းဖြင့် ခေါ်ယူရန်စဉ်းစားနေကြောင်း သည်မေးလ်အွန်ဆန်းဒေး၌ ဖော်ပြသည်။

ဗီအဲရာအား ခေါ်ယူရေး နည်းပြ မန်စီနီ စိတ်ဝင်စား

မန်စီးတီးနည်းပြ မန်စီနီသည် အာဆင်နယ်ကွင်းလယ်ကစားသမားဟောင်း ဗီအဲရာအား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း၊ မန်စီနီသည် ၂၀၀၆ခုနှစ်က အင်တာမီလန်နှင့် နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ပြီးနောက် အသက် ၃၃နှစ်ရှိ ဗီအဲရာကို နည်းပြပေးခဲ့ပြီး စီးရီးအေဆုဖလား နှစ်ကြိမ်ရယူနိုင်ခဲ့ကြောင်း သည်မေးလ်အွန်ဆန်းဒေး၌ ဖော်ပြသည်။

နစ္စတယ်ရှိုင်းအား ခေါ်ယူရေး ဘင်နီတက်ဇ် ချီတုံချတုံဖြစ်နေ

အသက် ၃၃နှစ်ရှိ ဟော်လန်တိုက်စစ်မှူး နစ္စတယ်ရှိုင်းသည် မကြာသေးမီက ရရှိခဲ့သော ဒဏ်ရာများကြောင့် ယခုအပြောင်းအရွှေ့ရာသီ၌ ၎င်းအား ခေါ်ယူရေးအတွက် လီဗာပူးနည်းပြ ဘင်နီတက်ဇ်အနေဖြင့် ချီတုံချတုံဖြစ်နေကြောင်း နယူးစ်အော့ဖ် သည်ဝေါလ်၌ ဖော်ပြသည်။

ပိုရိုနင် ဟာသာဘာလင်နှင့် အမြဲတမ်းစာချုပ် ချုပ်ဖွယ်ရှိ

လီဗာပူးကစားသမား ပိုရိုနင်သည် ပြီးခဲ့သော ဘောလုံးရာသီက အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ဖူးသည့် ဂျာမနီအသင်း ဟာသာဘာလင်နှင့် ပြောင်းရွှေ့ကြေး ပေါင်နှစ်သန်းခွဲဖြင့် အမြဲတမ်းစာချုပ် ချုပ်ဆိုဖွယ်ရှိကြောင်း သည်ဆန်း၌ ဖော်ပြသည်။

ရစ်ချတ်အား ခေါ်ယူရေး စပါးဆိုင်းငံ့ထား

မန်စီးတီးအသင်းသည် ဆိုကင်းဘဲလ်အား နှစ်တိုးစာချုပ် ချုပ်ဆိုဖွယ်ရှိပြီး ဝက်စ်ဟမ်းမှ မက်သရူးအပွဆန်နှင့် ဘိုရူရှားဒေ့ါတမန်မှ နီဗင်ဆူဘိုတစ်အား စုစုပေါင်း ပေါင် ၂၅သန်းသုံးစွဲခေါ်ယူရန် ကြိုးပမ်းနေချိန်တွင် စပါးအသင်းသည် မန်စီးတီးမှ ညာ နောက်ခံလူ မီကက်ချ်ရစ်ချတ်အား ပေါင် ၁၂သန်းဖြင့် ခေါ်ယူရေးကို ဆိုင်းငံ့ထားကြောင်း ဒေးလီးစ်အိတ်စ်ပရက်စ်က ဖော်ပြသည်။

ဘာမင်ဂမ်က မိုက်ကယ်အား စာချုပ်ရေး နီးစပ်လာ

ဘာမင်ဂမ်အသင်းသည် စပို့တင်းဂီဂွန်မှ ကွင်းလယ်ကစားသမား မိုက်ကယ်အား ပေါင်နှစ်သန်းခွဲဖြင့် ခေါ်ယူစာချုပ်ရေး နီးစပ်လာပြီဖြစ်ပြီး အက်စ်တွန်ဗီလာမှ ကာရစ်ဂါဒနာအား ပေါင်သုံးသန်းခွဲဖြင့်ခေါ်ယူရန် ကမ်းလှမ်းဖွယ်ရှိကြောင်း ဒေးလီးမေရာက ဖော်ပြသည်။

တိုက်စစ်မှူး ကိုင်စီဒိုအား ဗီးလ်ဘာရောင်းက အငှားခေါ်ဖွယ်

ဟူးလ်စီးတီးနည်းပြ ဗီးလ်ဘာရောင်းသည် လက်ရှိစပို့တင်းလစ္စဘွန်းတွင် အငှားစာချုပ်ဖြင့် သွားရောက်ကစားနေသည့် မန်စီးတီးတိုက်စစ်မှူး ဖိလစ်ပီကိုင်စီဒိုအား အငှားစာချုပ်ဖြင့် ခေါ်ယူဖွယ်ရှိကြောင်း သည်ဆန်း၌ ဖော်ပြသည်။

ဘလက်ဘန်းတိုက်စစ်မှူး မက်ကာသီအား ဆဲလ်တစ်စိတ်ဝင်စား

ဘလက်ဘန်းအသင်းက ပေါင်နှစ်သန်းခွဲဖြင့် ရောင်းချဖွယ်ရှိသည့် တိုက်စစ်မှူး ဘင်နီမက်ကာသီအား ဆဲလ်တစ်က ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဒေးလီးမေးလ်က ဖော်ပြသည်။

မန်ယူ၊ ရီးရဲမက်ဒရစ်တို့အားပြိုင်မှုနှင့် ရှန်နေ၏အနာဂတ်

ရေးသူ-မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

လန်ဒန် ဇန်နဝါရီ ၃

ဇန်နဝါရီဘောလုံးသမား အပြောင်းအရွှေ့ကာလ၌ စိတ်ဝင်စားစရာအကောင်းဆုံးသတင်းတစ်ရပ်ထွက်ပေါ်လာသည်။ ရီးရဲမက်ဒရစ်က မန်ယူတိုက်စစ်မှူးရှန်နေကို ရအောင်ခေါ်ယူမည့်သတင်းပင်။ ရီးရဲမက်ဒရစ်ကလပ်က ဇန်နဝါရီ ၃ရက်၌ ယင်းသတင်းထုတ်ပြန်လိုက်ရာ မန်ယူကလပ်မှ တာဝန်ရှိသူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့သည်။

ပေးမည်

ရှန်နေကိုပြောင်းရွှေ့ကြေးပေါင်သန်း ၆၀ကျော်ပေးမည်။ မန်ယူက ဈေးထပ်မံတောင်းဆိုပါက ညှိနှိုင်းရန်အသင့်ရှိသည်ဟု ရီးရဲမက်ဒရစ်ကလပ် တာဝန်ရှိသူများက ပြောကြားနေခြင်းဖြစ်သည်။ မိမိတို့သည် ရှန်နေကိုခေါ်ယူရေးအတွက် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ ဘောလုံးသမားခေါ်ယူရေး၌ ရှန်နေသည် နံပါတ်တစ် ဦးစားပေးဖြစ်ကြောင်း ၎င်းတို့ကထပ်ဆင့် ပြောကြားထားသည်။

ဆွေးနွေးမည်

ရှန်နေကိုရောင်းချရေးအတွက် ရီးရဲမက်ဒရစ်ကလပ်မှ ဒါရိုက်တာ ဂျော့ဗာဒါနိုက မန်ယူကလပ်တာဝန်ရှိသူများနှင့် တရားဝင်ဆွေးနွေးလိုသည်ဟု ကမ်းလှမ်းနေပြီဖြစ်သည်။ မိမိတို့သည် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားများကို ရအောင်ခေါ်ယူနိုင်ခဲ့သည့် အစဉ်အလာရှိကြောင်း၊ ငွေကြေးသုံးစွဲမှုအပိုင်းမှာ စဉ်းစားစရာမလိုဟု ဆိုသဖြင့် မန်ယူပရိသတ်များ စိုးရိမ်စိတ် ဆူဝေစေခဲ့သည်။

ရှန်နေဆန္ဒ

ရှန်နေကိုယ်တိုင်ကမူ မန်ယူ၌ ကစားရသည်မှာ ပျော်မွေ့နေသည်။ သို့သော် ကလပ်တစ်သင်းတည်း၌ အမြဲတမ်းကစားလိုသော ဆန္ဒမရှိကြောင်း ပြောကြားလိုက်သဖြင့် မန်ယူတာဝန်ရှိသူများ ရင်ပူနေရပြီ။ အသက် ၂၄နှစ်အရွယ်သာ ရှိသေးသည့် ရှန်နေ၊ တစ်ဖက်ဂိုးဧရိယာအတွင်း ပေါက်ကွဲစွာ တစ်ဟုန်ထိုးတိုက်စစ်ဆင် ဂိုးသွင်းတတ်သော ရှန်နေကို မန်ယူတို့ မည်သို့မျှ လက်လွှတ်မခံနိုင်။ သင်ခန်းစာက ပူပူနွေးနွေးရှိနေသည်။

မန်ယူ၏သင်ခန်းစာ

ပြီးခဲ့သည့် နွေရာသီဘောလုံးသမားအပြောင်းအရွှေ့၌ မန်ယူ၏ အသည်းနှလုံး စီရိုနယ်ဒိုကို ရီးရဲမက်ဒရစ်သို့ ထုတ်ရောင်းခဲ့သည့်အတွက် မန်ယူတို့ ယခုအထိ ခံစားနေရဆဲ၊ အကြိတ်အနယ်ပွဲစဉ် ကြုံတိုင်း စီရိုနယ်ဒိုကို သတိရဆဲ၊ စီရိုနယ်ဒိုကြောင့် ပြိုင်ဘက်တိုင်းကို ခြိမ်းခြောက်နိုင်ခဲ့သည့် မန်ယူတို့ ယခုတစ်ပွဲ ယှဉ်ပြိုင်တိုင်း နိုင်ပွဲရလဒ်အတွက် ရင်မနေရဆဲ။ ငွေကြေးကြောင့် မန်ယူတို့ သင်ခန်းစာ တစ်လှေကြီးရခဲ့ပြီးပေပြီ။

စည်းနှောင်မှု

မန်ယူ၏အဓိက တိုက်စစ်မှူး ရှန်နေကိုဖြင့် လက်လွှတ်မခံ။ ဂုဏ်နှင့် မာန်နှင့် ရပ်တည်လာခဲ့သည့် မန်ယူကလပ် အနေအထား ယိမ်းယိုင်၍ မဖြစ်။ ဖာဂူဆန်လှုပ်ရှားဆော်ဩရသည်။ ရှန်နေကို အမြန်ဆုံးလုပ်ခလစာတိုးရန်၊ အနည်းဆုံးတစ်ပတ်လုပ်ခလစာ ပေါင် ၁၇၀၀၀၀မှ ၂၀၀၀၀၀အထိ တိုးပေးပြီး အမြန်စာချုပ်ရန်.....။

မူတည်

ဖာဂူဆန်၏ တိုက်တွန်းမှုကို ဂလေဇာမိသားစုက လက်ခံခဲ့သည်။ လက်မခံ၍မဖြစ်၊ လက်ရှိအခြေအနေ၌ မန်ယူ၏ မျှော်မှန်းချက်များပြည့်ဝရန် ရှန်နေအပေါ်မူတည်နေသည်။ ရှန်နေ၏ စွမ်းဆောင်မှုက မန်ယူအတွက် အားကိုးရာဖြစ်သည်။ ထို့ကြောင့် ရှန်နေ၏ ဆန္ဒကို ဖြည့်ဆည်းပေးရမည်။ ရှန်နေနှင့် ဆွေးနွေးပြီး လာမည့် ဖေဖော်ဝါရီမှ စတင်ကာ တစ်ပတ် လုပ်ခလစာပေါင် ၁၇၀၀၀၀ပေးမည်။ နောက်ထပ် ဆက်လက် တိုးပေးဦးမည်။ ၂၀၁၀ခုနှစ်အတွင်း ရှန်နေ၏ တစ်ပတ်လုပ်ခလစာပေါင် ၂၀၀၀၀၀ ဖြစ်စေရမည်။

ကြိုးစားမည်

ဖာဂူဆန်၏ တိုက်တွန်းမှု၊ ဂလေဇာမိသားစု၏ လက်ခံအကောင်အထည် ဖော်မှုကြောင့် ရှန်နေ စိတ်တိမ်းညွှတ်မှုကို အချိန်မီထိန်းနိုင်ခဲ့သည်။ သို့သော် ရီးရဲမက်ဒရစ်တို့က လက်မလျှော့။ ရီးရဲမက်ဒရစ် ဥက္ကဋ္ဌ ပီရက်ဇ်က ရှန်နေကို ချင်ခြင်းတပ်နေသည်။ ရသည့်ဈေးနှင့်ခေါ်မည်ဟု သတင်းများ ထွက်ပေါ်လာသည်။ လာမည့် ဘောလုံးရာသီ၌

ရှန်နေ

ရီးရဲမက်ဒရစ်က ပေါင်သန်း ၆၀ ဖြင့် ကမ်းလှမ်းထားသော မန်ယူ တိုက် စစ်မှူး ရှန်နေ။

(အင်တာနက် ဓာတ်ပုံ)

ရီးရဲမက်ဒရစ်ကလပ်တွင် ရှန်နေပါဝင်ကစားနေသည်ကို မြင်တွေ့စေရမည်ဟု ရီးရဲမက်ဒရစ် ပရိသတ်ကို ကတိပေးနေသည်။

စီရိုနယ်ဒိုကို ခေါ်ယူရေးကြိုးစားခဲ့စဉ်က ရီးရဲမက်ဒရစ်ဥက္ကဋ္ဌ ပီရက်ဇ် ဤသို့စကားမျိုးဆိုခဲ့သည်။ ယခု ယင်းကဲ့သို့ စကားမျိုး ဆိုလာပြန်ချေပြီ။ မန်ယူပရိသတ် ရင်ပူနေရပြီဖြစ်သည်။ မန်ယူနှင့် ရီးရဲမက်ဒရစ်တို့အားပြိုင်မှုက ရှန်နေအနာဂတ် မည်သို့ဖြစ်လာမည်ကို စောင့်ကြည့်ရပေတော့မည်။ ။ **ကိုးကား-အင်တာနက်**

အက်ဖ်အေဖလား တတိယအကျော့ပြိုင်ပွဲ

ပရီမီယာလိဂ်အသင်းများ အနိုင်ရရှိခဲ့

လန်ဒန် ဇန်နဝါရီ ၃

အက်ဖ်အေဖလား တတိယအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၂ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ပရီမီယာလိဂ်အသင်းများဖြစ်ကြသည့် ဘော်လ်တန်၊ အက်စ်တွန်ဗီလာ၊ အဲဗာတန်၊ ဖူလ်ဟမ်၊ မန်စီးတီး၊ စတုတ်၊ ဆန်းဒါးလန်း၊ စပါးနှင့်ဝီဂန်တို့ အသီးသီးအနိုင်ရရှိကြပြီး အက်ဖ်အေဖလား စတုတ္ထအကျော့ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့ကြသည်။

လီဗာပူးအသင်းဘက်သို့ ရက်ဒင်းကစားသမား ချတ်စ်က ဤသို့ ဂိုးသွင်းယူခဲ့သည်။ (အင်တာနက် ဓာတ်ပုံ)

သို့သော်လည်း လီဗာပူးနှင့် ပို့စ်မောက်တို့သည် ပြိုင်ဘက်အသင်းများကို သရေသာ ကစားနိုင်ခဲ့၍ ပြန်ကန်ပွဲအဖြစ် ကစားရမည်ဖြစ်သည်။ လီဗာပူးက ရက်ဒင်းအသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ရက်ဒင်းကစားသမား ချတ်စ်က ပွဲစပြီး ၂၄မိနစ်အကြာ အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးကို ဂျရတ်က လီဗာပူးအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးသာ မသွင်းနိုင်ခဲ့လျှင် လီဗာပူးတို့ အက်ဖ်အေဖလား မျှော်လင့်ချက် ကုန်ဆုံးပေလိမ့်မည်။

အလားတူ ပို့စ်မောက်ကလည်း ကိုဗင်ထရီကို တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့၍ ပြန်ကန်ပွဲအဖြစ် ကစားရပေဦးမည်။ ဘော်လ်တန်အသင်းသည် နည်းပြ ဂါရီမက်ဆင် နုတ်ထွက်သွား၍ နည်းပြမရှိသော်လည်း ကစားသမားများ၏ စုစည်းမှုအားကြောင့် လင်ကွန်းစီးတီးကို လေးဂိုးပြတ် အနိုင်ရ အောင်ပွဲခံခဲ့သည်။

အနိုင်ရ

အက်စ်တွန်ဗီလာက ဘလက်ဘန်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းအနိုင်ပွဲသည် ကိုးနှစ်အတွင်း အက်စ်တွန်ဗီလာက တတိယအကြိမ် အနိုင်ရလိုက်ခြင်းဖြစ်သည်။ သို့သော် ပထမပိုင်း ၄၅မိနစ် မပြည့်မီ ဘလက်ဘန်းမှ ဒိုင်အုတ်သည် ဟာဘစ်ဘီရေးအား ကြမ်းတမ်းစွာ ကစားခဲ့၍ အနီကတ်ဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ထို့အတူ အဲဗာတန်က ကာလစ္စလီကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

တစ်ဖန် ဖူလ်ဟမ်က ဆွမ်ဒွန်အသင်းကို ရော်ဘီဆာမိုရာ၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် အက်ဖ်အေဖလား စတုတ္ထ အကျော့ပြိုင်ပွဲသို့ တက်လှမ်း နိုင်ခဲ့သည်။ ဆာမိုရာ၏ ယင်းအနိုင်ဂိုးသည် ယခုနှစ်အတွင်း ဖူလ်ဟမ်အသင်းအတွက် သွင်းယူပေးခဲ့သော ၁၁ဂိုးမြောက်ဂိုး ဖြစ်သည်။

တက်လှမ်းနိုင်

မန်စီးတီးက မစ်ဒယ်ဘရော့အသင်းကို ဘင်ဂျာနီအမ်ဝါရဝါရီ၏ တစ်ဂိုးတည်းသော အနိုင်ဂိုးကြောင့် နည်းပြ မန်စီနီပျော်ရွှင်သွားသည်။ ပရီမီယာလိဂ်ကလပ် စတုတ်စီးတီးက ယော့အသင်းကို သုံးဂိုး-တစ်ဂိုး၊ ဆန်းဒါးလန်းအသင်းက ဘာရီးအသင်းကို သုံးဂိုးပြတ်၊ စပါးက ပီတာဘိုရယ်အသင်းကို လေးဂိုးပြတ်၊ ဝီဂန်က ဟူးလ်စီးတီးကို လေးဂိုး-တစ်ဂိုး အသီးသီးအနိုင်ရခဲ့ကြပြီး အက်ဖ်အေ ဖလား စတုတ္ထအကျော့ပြိုင်ပွဲသို့ တက်လှမ်းနိုင်ခဲ့ ပြီဖြစ်သည်။**(အင်တာနက်)**

ကမ္ဘာ့ချန်ပီယံတင်းနစ်ပြိုင်ပွဲ

ရာဖေးလ်နာဒယ် ဗိုလ်စွဲ

အဘူဒါဘီ ဇန်နဝါရီ ၃

ကမ္ဘာ့နံပါတ်နှစ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် အဘူဒါဘီမြို့၌ ကျင်းပသော ကက်ပီတာလာကမ္ဘာ့တင်းနစ်ချန်ပီယံပြိုင်ပွဲတွင် ဆွီဒင်တင်းနစ်ကစားသမား ရိုဘင်ဆိုဒါလင်းအား ၇-၆ (၇-၃)၊ ၇-၅ဖြင့် အနိုင်ရပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ဆိုဒါလင်းသည် ဗိုလ်လုပွဲသို့ ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယာအား အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးမှထွက်ခွာရန် မာလူဒါ စဉ်းစားနေ

လန်ဒန် ဇန်နဝါရီ ၃

ချယ်လ်ဆီးတွင် ပုံမှန်ကစားခွင့် မရလျှင် အသင်းမှထွက်ခွာရန် စဉ်းစားထားကြောင်း တောင်ပံကစားသမား မာလူဒါက ပြောကြားသည်။

စာချုပ်ထား

ပြင်သစ်လက်ရွေးစင် မာလူဒါသည် ယခုနှစ်ပရီမီယာလိဂ် ဘောလုံးရာသီတွင် ကိုးပွဲသာကစားရသေးသဖြင့် နည်းပြ အန်ဆယ်လော့တီနှင့် ဆွေးနွေးလျက်ရှိကြောင်း ထုတ်ဖော်ပြောကြားသည်။ ၎င်းအား အေစီမီလန်နှင့် ဘာစီလိုနာတို့က အဆက်အသွယ် ပြုလုပ်ထားသည်။ သို့သော်လည်း ၎င်းသည် ချယ်လ်ဆီးနှင့် ၂၀၁၃ ခုနှစ် အထိ စာချုပ်ထားသည်။ **(အင်တာနက်)**

ရာဖေးလ်နာဒယ်သည် ယင်းပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲခဲ့သဖြင့် လာမည့် သီတင်းပတ်တွင် ဒိုဟာ၌ကျင်းပမည့် အေတီပီ တင်းနစ်ပြိုင်ပွဲအတွက် ပြင်ဆင်ပြီးသား ဖြစ်သွားသည်။ (အင်တာနက်)

မြင့်မောင်စိုး-စုစည်းသည်

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဧရာဝတီတံတား(ညောင်တုန်း) ပန္နက်တင်မင်္ဂလာအခမ်းအနားနှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားတွင် ပန္နက်တိုင်ကို Vibro Hammer စက်ဖြင့် ရိုက်နှိပ်ဖွင့်လှစ်ပေးစဉ်။ (ဆောက်လုပ်ရေး)

ကွမ်းခြံကုန်းမြို့ အမျိုးသားကျောင်း အထက(၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဒီဇင်ဘာ ၂၆ရက် ညနေပိုင်းက ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်း မြက်ခင်းပြင်၌ ကျင်းပသည့် အမျိုးသားကျောင်း အထက(၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမျိုးသားကျောင်း အထက(၂)ဖြစ်ပေါ်လာပုံနှင့် အာစရိယပူဇော်ပွဲကျင်းပလာပုံဖြစ်စဉ် အဆင့်ဆင့်တို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူဟောင်းများနှင့်အတူ အသက်(၇၀)ကျော် ပူဇော်ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား လှူဖွယ်ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့သည်။

အခမ်းအနားသို့ နဝမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကျင်းပရေး ကော်မတီ ဂုဏ်ထူးဆောင်နာယကအဖွဲ့ဝင် ဦးစိုးညွန့်၊ နာယကအဖွဲ့ဝင်များဖြစ်ကြသည့် စွမ်းအင်ဝန်ကြီးဌာနမှ ဦးစိန်တင်ဝင်း၊ ကွမ်းခြံကုန်းမြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ပူဇော်ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူဟောင်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဧရာဝတီတံတား(ညောင်တုန်း) ပန္နက်တင်မင်္ဂလာတက်ရောက်

နေပြည်တော် ဇန်နဝါရီ ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်း တည်ဆောက်ရေးအဖွဲ့ (၅)က တာဝန်ယူ တည်ဆောက်လျက်ရှိသော ဧရာဝတီတံတား (ညောင်တုန်း) ပန္နက်တင်မင်္ဂလာနှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက်၈နာရီခွဲက ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ အဆိုပါတံတားတည်ဆောက်မည့် မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရေစက်သွန်းချ

အစီအစဉ်အရ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ညောင်တုန်းမြို့ ပုဏ္ဏာမာရာမကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသ အမှူးပြုသော ပင့်သံဃာ (၁၈)ပါးတို့ထံမှ တိုင်းမှူး၊ ဝန်ကြီးနှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် သက်ဆိုင်ရာနေ့နံထောင့်အသီးသီး၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်တိုင်စိုက်ထူခြင်း၊ တွင်းတော်ဝန်း မင်္ဂလာပြုလုပ်ခြင်းများ ဆောင်ရွက်ကြကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ပန္နက်တိုင်ကို Vibro Hammer စက်ဖြင့် ရိုက်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပန္နက်တိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ ပန္နက်တင်မည့် သက်ဆိုင်ရာ နေ့နံထောင့်အသီးသီးသို့ သွားရောက်နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်တိုင်စိုက်ထူခြင်းနှင့် တွင်းတော်ဝန်း မင်္ဂလာပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ထိပ်ဝကြီးကျေးရွာ တောင်သူဦးရွှေအေး၏ ဧက ၄၀၀ကျော် စိုက်ပျိုးထားသည့် ပဲခင်းများကြား၌ နေကြာညပ်စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးကြပြီး တိုင်းမှူးနှင့်ဝန်ကြီးတို့က ဆီအတွက် အဓိကဖြစ်သည့် နေကြာကို ယခုထက် တိုးမြှင့်စိုက်ပျိုးသွားရန် မှာကြားကြပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင် အထက(၃) ကျောင်းသူဟောင်းများ အာစရိယ ပူဇော်ပွဲကျင်းပ

မော်လမြိုင် ဇန်နဝါရီ ၃

မော်လမြိုင် အထက(၃) ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဒီဇင်ဘာ ၂၃ရက်က ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်နန်းတော်၌ ကျင်းပရာ ဒေါ်ခင်ဌေးရီက ပူဇော်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒေါ်ခင်လေးမြင့်က ကန်တော့ပန်ကြားလွှာကို ဖတ်ကြားကာ အပူဇော်ခံ ဆရာ ဆရာမများအား လှူဖွယ်ပစ္စည်းများပေးအပ်၍ စုပေါင်းပူဇော်ကန်တော့ကြသည်။

ဆုံးမဩဝါဒ

ဆက်လက်၍ ကန်တော့ခံ ဆရာမဒေါ်ခင်ခင်နှင့် ဒေါ်စောမြအေးကြည်တို့က ဆုံးမဩဝါဒစကားပြောကြားပြီး **(အောက်ပုံ)** ဒေါ်သန်းသန်းကြွယ်က ကေပိုဒ်ရတု ရွတ်ဆိုပူဇော်ကာ ဒေါ်သန်းသန်းအေး(ရန်ကုန်)နှင့် ဒေါ်ခင်စန်းကြူ(မော်လမြိုင်)တို့က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဒေါ်မြင့်မြင့်သန်းက ပဉ္စမအကြိမ် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားပြီး ဒေါ်မြမြက ဆဋ္ဌမအကြိမ် ငွေစာရင်းရှင်းတမ်းကိုတင်ပြကာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာချိုချိုမြအောင်က နိဂုံးချုပ်ဂုဏ်ပြုစကား ပြောကြားသည်။ (ပညာရေး)

သစ်တောနှင့် သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ရေးမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃

ရေးမြို့နယ်အသင်း (ရန်ကုန်)၏ (၃၃) ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် အသင်းဝင် သားသမီးများ ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ခေမာရာမ သီလရှင်စာသင်တိုက် ဗဟန်း(၃)လမ်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ မြို့နယ်သားအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ (မြန်မာ့အလင်း)

ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့် ညီညွတ်ရေး ဟင်္သာတခရိုင်၌ ကွင်းဆင်းဆောင်ရွက်

ဟင်္သာတ ဇန်နဝါရီ ၃

ဧရာဝတီတိုင်း ဟင်္သာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်သိန်းသည် အင်္ဂပူမြို့နယ်ဦးစီးမှူး ဦးသန့်ရှင်းမောင်၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးဇော်ဝင်းဟန်တို့နှင့်အတူ ဒီဇင်ဘာ ၆ရက် ညနေ ၄နာရီက အင်္ဂပူမြို့နယ် ခြောက်ကျေးရွာ ဦးတင်ဟုတ်စာကြည့်တိုက်သို့သွားရောက်၍ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်အလှူရှင်နှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ သတ်မှတ်စံ(၅)ချက်နှင့် ညီညွတ်သည့် စာကြည့်တိုက်များဖြစ်ပေါ်ရေး၊ စာအုပ်စာစောင်များ တိုးပွားရေး၊ စာဖတ်ရှိန် မြှင့်တင်ရေးနှင့် စာငှားစနစ်ကျင့်သုံးရေးတို့ကို ညှိနှိုင်းဆွေးနွေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ခရိုင်ဦးစီးအရာရှိနှင့်အဖွဲ့သည် စာကြည့်တိုက်၌ ဆောင်ရွက်နေသည့် စာအုပ်များ စနစ်တကျ မှတ်ပုံတင်စာရင်းရေးသွင်းခြင်း၊ ပညာရပ်အလိုက် မျိုးတူစုများ ခွဲခြားခြင်းစသည့် စာပြုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စာအုပ်များကို နံရံကပ်မှန်ဗီရိုများဖြင့် စနစ်တကျ ထိန်းသိမ်းထားရှိမှု၊ စာငှားသူနှင့် စာဖတ်သူ မှတ်ပုံတင်စာရင်းများ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဆွေးနွေးခဲ့သည်။

ယင်းနောက် ခရိုင်ဦးစီးအရာရှိနှင့် ဟင်္သာတမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ စာကြည့်တိုက်ရန်ပုံငွေအဖြစ် ငွေကျပ် ၁၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူး ဦးမြင့်စိန်က လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ဗဟန်းမြို့နယ် ဆရာစံ(မြောက်) (၃)ရပ်ကွက် နိဗ္ဗာန်ကျောင်းလမ်းနှင့် တင့်ဆန်းလမ်းထောင့် အမှတ်-၉နေ ဒေါ်အေးမိ၏ မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

Tip Top အမှတ်တံဆိပ် အင်ဂျင်ဝိုင်နှင့် စက်ဆီချောဆီများ ဖြန့်ချိလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၃

Lucky Choice Co., Ltd. က မြန်မာတစ်နိုင်ငံလုံး တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိထားသော အာရပ်စော်ဘွားများနိုင်ငံ (UAE)နိုင်ငံထုတ် Tip Top အမှတ်တံဆိပ် အင်ဂျင်ဝိုင်နှင့် စက်ဆီ၊ ချောဆီများကို ဖြန့်ချိလျက်ရှိသည်။ ဝယ်ယူအားပေးကြသော ကိုယ်စားလှယ်များနှင့် သုံးစွဲသူများအတွက် ကျေးဇူးတုံ့ပြန်သောအနေဖြင့် ငွေကျပ်သိန်းပေါင်း ၁၅၀၀ကျော်တန်ဖိုးရှိ ခဲခြစ်ကံစမ်းမဲ ငွေသားဆုများအပြင် TV, EVD စက်များစွာ ထည့်သွင်းပေးထားသည်။

အောက်တိုဘာလအတွင်း TV ကံထူးရှင် ၅၅ ဦးနှင့် EVD ကံထူးရှင် ၂၅၀တို့အား ကုမ္ပဏီရှိ တာဝန်ရှိသူများက ကံထူးသူများထံ လိုက်လံချီးမြှင့်ပြီး ငွေသားဆုငွေများကိုလည်း ထုတ်ပေးလျက်ရှိသည်။ **(ယာပုံ)**

ဖြန့်ချိ

Lucky Choice Co., Ltd. က အင်ဂျင်ဝိုင်၊ ဂီယာဝိုင်၊ ဘရိတ်ဆီ၊ အမဲဆီနှင့် ဟိုက်ဒရောလစ်ဆီ 0.7 Liter, 1 Liter, 4 Liter, 5 Literနှင့် 25 Liter ဘူးသေးများအပြင် 200 Liter ပါ တိုင်ကီများဖြင့်လည်း ဖြန့်ချိလျက်ရှိသည်။

အင်ဂျင်ဝိုင်နှင့်စက်ဆီ၊ ချောဆီများကို အမှတ် (၃၁ဘီ) နောင်ရိုးလမ်း တက်လမ်းအိမ်ရာ ဘုရင့်နောင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၆၈၆၀၆၆၊ ၆၈၆၀၆၄၊ ၀၉-၅၀-၈၃၁၂၂၊ ၀၉-၈၆၂၀၁၄၂၊ ၀၉-၈၆၂၀၁၃၃ နှင့် အမှတ် (၈/၃၇) ကျွဲဆည်ကန် ၆လမ်း၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၀၄၁၂၊ ၀၉-၆၈၀၄၁၅၀၊ ၀၉-၂၀၅၅၈၃၀ တို့မှ နိုင်ငံတစ်ဝန်း ဖြန့်ချိလျက်ရှိသည်။

ဝယ်ယူနိုင်

မြန်မာနိုင်ငံတစ်ဝန်းလုံးမှ အရောင်းကိုယ်စားလှယ်များဖြစ်သော ကိုသန်းဇော်လင်း (သီးသန့် အင်ဂျင်ဝိုင်ဖြန့်ချိရေး၊ မန္တလေး) ဖုန်း-၀၉-၂၀-၄၂၉၁၉၊ ၀၉-၂၀-၂၄၀၄၇၊ အနန္တဂုဏ် ဂျပန်ကားပစ္စည်းဆိုင် (ရွှေဘိုမြို့) ဖုန်း- ၀၇၅- ၂၂၁၈၈၊ ၀၉-၂၀-၁၇၁၇၆၊ ဦးကိုကိုမြတ် (မုံရွာမြို့) ဖုန်း- ၀၇၁-၂၅၂၅၅၊ ၂၅၉၅၉၊ ၀၉-၂၀-၃၄၈၃၉၊ ၀၉-၂၁ ၃၀၄၇၇၊ ကိုခင်မောင်ရွှေ (ပခုက္ကူမြို့) ဖုန်း-၀၆၂-၂၉၁၇၆၊ ၀၉-၂၃-၀၁၁၇၆၊ ဘိုဘိုတာ (နေပြည်တော်လယ်ဝေး) ဖုန်း-၀၆၇-၃၀၇၅၃၊ ၃၀၁၃၀၊ ဦးခင်မောင်သန်း (ကျောက်မဲမြို့) ဖုန်း-၀၉-၂၀၂၀၇၉၃၊ ဦးကြည်ငြိမ်း (တောင်ကြီးမြို့) ဖုန်း- ၀၈၁-၂၂၈၂၇၊ ၀၉-၅၂၄၁၁၁၈၊ ဦးတင်ဝင်း (လွိုင်ကော်မြို့) ဖုန်း- ၀၉-၅၆၀၁၂၀၀၊ ကိုမျိုးမြင့် (ရင်းငြိမ်၊ ပေါင်မြို့) ဖုန်း-၀၉-၈၇၂၀၆၁၇၊ မိဘမေတ္တာ (သထုံမြို့) ဖုန်း ၀၅၇-၄၀၆၁၉၊ ၀၉-၈၇-၀၁၁၉၄၊ ကိုမိုးခိုင်စိုး (ကန်တော်လေးကားပစ္စည်းဆိုင် မကွေး မြို့) ဖုန်း- ၀၆၃-၂၅၈၀၈၊ ၀၉-၆၅-၆၀၂၆၅၊ ၀၉-၅၃-၄၀၁၆၇ စသည့် အရောင်းကိုယ်စားလှယ်များတွင်လည်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ယုဇနလမ်းနေ
ဦးစောခွန်မြတ်(ဒုတိယအထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)နှင့် ဒေါ်မြမြ
(ဒုတိယအထွေထွေမန်နေဂျာ၊ ငြိမ်း၊ ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေးလုပ်ငန်း)တို့၏သား

မောင်ဝဏ္ဏမျိုးမြတ် B.E(Electronics)Y.T.U
M.E(Environmental Engineering)Saitama University,Japan
TOSHIBA I.S Corporation Tokyo, Japan

နှင့်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာနေ
ဦးကြည်ဝင်း(မန်နေဂျာ၊ ငြိမ်း၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ အဆင့်မြင့်ပညာဦးစီးဌာန)နှင့် ဒေါ်မေစုကောင်းတို့၏သမီး

မစုမွန်ရည် B.E (Civil)Y.T.U
Chiyoda & Public Works Co.,Ltd. Yokohama, Japan

တို့၏ ၃၁-၁၂-၂၀၀၉ရက်(ကြာသပတေးနေ့)တွင် Sedona Hotel ဒဂုံခန်းမ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့်ဇနီး ဒေါ်ခင်ဝင်းအားလည်းကောင်း၊ ၂-၁-၂၀၁၀ရက်(စနေနေ့)တွင် သဒ္ဓမ္မရံသီရိပ်သာ၌ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၃-၁-၂၀၁၀ရက်(တနင်္ဂနွေနေ့)တွင် Sedona Hotel(Grand Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့်ဇနီး ဒေါ်ခင်ဝင်းအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဒေါက်တာလှသန်း (ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊ ငြိမ်း)နှင့်ဇနီး ဒေါ်ဘာဘရာဇံအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မေတ္တာဖြင့် အဘက်ဘက်မှ ကူညီပေးကြသူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဝဏ္ဏမျိုးမြတ်-မစုမွန်ရည်။

ကရဝိက် ဥယျာဉ်ကမ္ဘာ စာအုပ်အရောင်းဈေးပွဲတော်

ရှားပါးစာအုပ်အဟောင်းဆိုင်နှင့် အသစ်ဆိုင်များ စုပေါင်းလျှော့ဈေးရောင်းပွဲတော် ၂-၁-၂၀၁၀ရက်မှ ၈-၁-၂၀၁၀ ရက်အထိ နံနက် ၁၀ နာရီမှ ည ၉ နာရီ အထိ။

ကရဝိက်မျှော်စင်ကျွန်း။

ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းသိန်း(ခ)ဟွီးဘင် ၁၂/လမတ(နိုင်) ဝ၂၈၇၄၁ ၏ တစ်ဦးတည်းမူပိုင် ကုန်အမှတ်တံဆိပ်ဖြစ်ကြောင်းနှင့် အဆိုပါတံဆိပ်အမည်အမှတ်အသားနှင့် ပတ်သက်၍ ဦးထွန်းသိန်း(ခ)ဟွီးဘင်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

မှတ်ပုံတင်အမှတ်-၄ပို/၆၀၄၄/၂၀၀၅ မှတ်ပုံတင်အမှတ်- ၄ပို/၆၀၄၅/၂၀၀၅

အထက်ဖော်ပြပါ "RACER" နှင့် "BRINE SPHERE" ဟူသော တံဆိပ်အမည် အမှတ်အသားများကို အရောင်အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုးတို့ဖြင့် လျှပ်စစ်မီးချောင်း၊ လျှပ်စစ်မီးလုံး၊ လျှပ်စစ်မီးခလုတ်၊ လျှပ်စစ်ဆော့ကက်၊ လျှပ်စစ်ပင်ပလပ်၊ လျှပ်စစ်မီးချောင်း ဖရိန်ရိုးရိုး၊ လျှပ်စစ်မီးချောင်း အော်တိုချုပ်ဖရိန်၊ လျှပ်စစ်မီးချောင်း အော်တိုချုပ်၊ လျှပ်စစ်မီးချောင်း ရိုးရိုးချုပ်၊ လျှပ်စစ်ကြိုးဆွဲဂျိုင်းဘူး၊ လျှပ်စစ်မီးချောင်းကွေးနှင့် အခြားလျှပ်စစ်သုံးပစ္စည်း အမျိုးမျိုးတို့တွင် ကပ်နှိပ်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံး၌ ထုတ်လုပ် ဖြန့်ချိရောင်းချလျက်ရှိပါသည်။

ယခုအခါ အထက်ဖော်ပြပါ တံဆိပ်အမည်အသားများအား ပုံတူပုံမှား၊ ထင်ယောင်ထင်မှားဖြစ်စေသည့် တံဆိပ်အမည်အမှတ်အသားများဖြင့် အထက်ဖော်ပြပါ ပစ္စည်းအမျိုးမျိုးတို့တွင် ကပ်နှိပ်ထုတ်လုပ်၍ ဈေးကွက်အတွင်း၌ ထုတ်လုပ် ဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ ဖော်ပြပါ တံဆိပ်အမည် အမှတ်အသားများအား ထင်ယောင်ထင်မှား၊ ပုံတူပုံမှား ပြုလုပ်၍ ဖော်ပြပါပစ္စည်းအရပ်ရပ်တို့တွင် မသမာသောနည်းလမ်းဖြင့် ကပ်နှိပ်ထုတ်လုပ်ဖြန့်ချိရောင်းချနေခြင်းကို ဤကြော်ငြာပါသည့်ရက်မှစ၍ ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ မသမာသောနည်းလမ်းဖြင့် ဆက်လက်ပြုမူ ထုတ်လုပ်ဖြန့်ချိဆောင်ရွက်နေမည်ဆိုပါက စုံစမ်းစစ်ဆေးဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း(စဉ်-၆၀၈၂) B.A,H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်၊
အမှတ်-၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၉- ၂၅၇၃၆၊ ၀၉-၅၀-၇၀၆၇၇။

အမြန်ဆက်သွယ်ပါ

သမီး မစိုးစန္ဒီ(ခ)ဒီးဒီး ၈/အလန(နိုင်)၁၃၇၆၂၁ အဖေနှင့်အမေ စိတ်ပူနေသည်။ အားလုံးခွင့်လွှတ်သည်။ အမြန်ပြန်လာပါ။



ကျေးရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ငရုတ်ကောင်း အထက အာစရိယပူဇော်ပွဲနှင့် တိုးချဲ့စာသင်ကျောင်း ဖွင့်လှစ်ပွဲကျင်းပ

ပုသိမ် ဇန်နဝါရီ ၃

ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့နယ်ခွဲ အထက နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် တိုးချဲ့စာသင်ကျောင်းဖွင့်လှစ်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးဦးယဉ်ထွေး၊ ငပုတော မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မြင့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးကြွယ်၊ ရွှေရတုဖြစ်မြောက်ရေး မတည်အလှူရှင် ဦးရဲမြင့်(ငွေသောင်ယံ)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားတွင် အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီး ၂၆ ဦးတို့အားတစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ ကန်တော့ခြင်း၊ ဦးရဲမြင့်(ငွေသောင်ယံ)က ငွေကျပ် သိန်း ၁၂၀ မတည်၍ ကျောင်းသားဟောင်းကြီးများ စုပေါင်းလှူဒါန်းတည်ဆောက်သော တိုးချဲ့စာသင်ကျောင်းကို ပညာရေးဌာနသို့ လွှဲပြောင်းအပ်နှံခြင်း၊ မြို့ပေါ်ရှိ အသက်(၈၀)နှင့်အထက် ဘိုးဘွား ၆၁ ဦးအား ငွေကျပ်တစ်သောင်းစီဖြင့် ပူဇော်ကန်တော့ခြင်းများ ပြုလုပ်ကြသည်။

ဟောပြော

ထို့နောက် ဒီဇင်ဘာ ၂၆ ရက်မှ ၂၇ရက်အထိ စာရေးဆရာဦးလှသိန်းထွန်း၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ အဏ္ဏဝါစိုးမိုး၊ နွမ်ဂျာသိုင်း၊ ဂီတာဖေဝင်း၊ ဆရာမစုးရှမြတ်မြတ်တို့က စာပေဟောပြောကြသည်။ (၁၅၇)

အထက(၁)ဒဂုံ ပညာရေးစုံညီပွဲတော် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို အဆိုပါကျောင်းတွင် ယနေ့နံနက် ၈ နာရီကကျင်းပသည်။ အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းမြင့်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်၊ မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး၊ ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကိုကိုနှင့် ဆရာ ဆရာမများ၊ မိဘများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ကျောင်းပင်မဝင်ပေါက်တွင် အထက(၁)ဒဂုံပညာရေး စုံညီပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** ကျောင်းအုပ်ဆရာကြီးနှင့် ဧည့်သည်တော်များက ဆရာ ဆရာမများ၏ ဈေးရောင်းပွဲတော်နှင့် ပျော်ရွှင်ဖွယ်ရာ ကလေးကစားကွင်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆုချီးမြှင့်

ထို့နောက် အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ကျင်းပသော ပညာရေးစုံညီပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် စာပေ၊ အနုပညာ၊ အားကစား၊ ဘက်စုံထူးချွန်ဆုရရှိသူများကို ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကိုကိုနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။ **(မြန်မာ့အလင်း)**

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ အရှေ့ပိုင်းခရိုင်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂ရက် နံနက် ၉ နာရီက သင်္ဃန်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက အမှာစကားပြောကြားပြီး သားကောင်းမိခင် ပထမဆုရ မြောက်ဥက္ကလာပမြို့နယ်မှ မစန္ဒာလွင်(ယာပုံ)၊ ဒုတိယဆုရ ဒဂုံဆိပ်ကမ်းမြို့နယ်မှ မမေသန္တာမြင့်၊ တတိယဆုရ ရန်ကင်းမြို့နယ်မှ မချောစုလှိုင်နှင့် ကလေးသုံးမြွှာပူးနှင့် နှစ်မြွှာပူး ပထမ၊ ဒုတိယ၊ တတိယကလေးများအား ဆုများချီးမြှင့်သည်။

ချီးမြှင့်

ထို့နောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြနှင့်အဖွဲ့ဝင်များက မွေးစမှ ခြောက်လ၊ ခြောက်လမှတစ်နှစ်၊ တစ်နှစ်မှ တစ်နှစ်ခွဲ၊ တစ်နှစ်ခွဲမှနှစ်နှစ်၊ နှစ်နှစ်မှ သုံးနှစ်နှင့် နှစ်မြွှာပူး ပထမ၊ ဒုတိယ၊ တတိယ ဆုရကလေးများနှင့် အထူးဆုရ ရင်သွေးငယ်များအား ဆုများအသီးသီး ချီးမြှင့်ပေးကြသည်။ (၁၂၁)

မြို့သာယာလှပရေး ကျောက်ကြီး၌ ဆောင်ရွက်

ကျောက်ကြီး ဇန်နဝါရီ ၃

ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့များသန့်ရှင်းသာယာလှပရေးဆောင်ရွက်ရန် အချက် ၁၆ ချက်အရ ပန်းခုံနှင့် ပလက်ဖောင်းကပ်တုံးများ ဆေးသုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးမြတ်စိုးတို့ ဒီဇင်ဘာ ၁၁ ရက်က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ **(မြို့နယ်စည်ပင်)**

အထက(၂) ရန်ကင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃

ယခင် ကျောက်ကုန်း စိန့်မိုက်ကယ် ကျောင်းမှ ယခု အထက(၂) ရန်ကင်းတွင် ၁၉၅၉-၁၉၆၀မှ ၂၀၀၉ အထိ ပညာသင်ယူခဲ့ကြသော တပည့်ဟောင်းများက ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့်တကွ အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသည့် ဆရာ ဆရာမကြီးများအား (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၇ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်းရှေ့ဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်၍ ကျောင်းသူကျောင်းသားဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ဇန်နဝါရီ ၂ရက်က အမက(၁၂)တာမွေ၏ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ကျောင်းခန်းမ၌ကျင်းပရာ စတုတ္ထတန်းတွင် တိုင်း/မြို့နယ် ကျောင်းမိသားစုနှင့် ကျောင်း အဆင့်များတွင်ဆုများရရှိသော ဘက်စုံထူးချွန်ဆုရ မချစ်ဆုသွေးအား ကျောင်းအုပ် ဆရာမကြီး ဒေါ်သီသီသိန်းက ဆုများပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

၁၉၇၃-၁၉၇၈ ခုနှစ် ဥပဒေဘွဲ့ရများ၏ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃

၁၉၇၃-၁၉၇၈ခုနှစ် ဥပဒေဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃၀ ရက် (စနေနေ့) ညနေ ၄ နာရီတွင် M3 Food Centre ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ဇန်နဝါရီ ၁၀ရက် နောက်ဆုံးထား၍ ဦးစိုးနိုင် ဖုန်း-၀၁-၃၇၄၉၀၁၊ ၀၉-၅၀-၄၆၅၉၄တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်-အင်းစိန် တိ/မွေးကု တက္ကသိုလ်(၁၉၇၂-၁၉၇၈) ပညာသင်နှစ် ကျောင်းသားကျောင်းသူများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၇ရက်က ဗဟန်းမြို့နယ် အားကစားကွင်းဝင်းအတွင်းရှိ M3 Food Centre၌ ကျင်းပရာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူများက စုပေါင်းပူဇော်ကန်တော့ကြစဉ်။ (၁၃၅)

မင်းဘူးအထက(၁) အာစရိယပူဇော်ပွဲ ကျင်းပ

မင်းဘူး ဒီဇင်ဘာ ၂၉

မင်းဘူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အာစရိယပူဇော်ပွဲကို မင်းဘူးမြို့ အထက(၁) ဦးဩဘာသခန်းမ၌ ဒီဇင်ဘာ ၁၅ ရက်က ကျင်းပရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာ ဦးမောင်ကြီး၊ ဆရာဦးလှမြင့်၊ ဆရာဦးကျော်ထွန်းနှင့် ဆရာမကြီး ဒေါ်ခင်သန်းနွဲ့တို့က သြဝါဒစကား ပြောကြားသည်။ **(အပေါ်ပုံ)**

စုံညီစွာ တက်ရောက်

အခမ်းအနားသို့ ကန်တော့ခံ ဆရာကြီး ဆရာမကြီး ၆၈ ဦးနှင့်အတူ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဒီဇင်ဘာ ၁၈ ရက်က သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ဆောင်ရွက်သော ရုံးပေါင်းစုံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်နေမှုကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမင်းကျော်ခိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



စပါးရိတ်စက်ဖြင့် စံကွက်ရိတ်သိမ်း

ရေဦး ဒီဇင်ဘာ ၂၈

*ရေဦးမြို့နယ် ပန်းကုန်းကျေးရွာအုပ်စု ဦးပိုင်အမှတ် (၇၃က/၁)၊ ကွင်းအမှတ် ၂၂၄၁၊ လယ်မြေဧက ၀ ဒသမ ၄၉ ရှိ တောင်သူဦးသာထွန်း၏ လယ်မြေစံကွက်တွင် စိုက်ပျိုးထားသော သက်လျှင်စပါးအား တိုင်းစိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့က ကြီးကြပ်၍ စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၁၉ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမျိုးအောင်နှင့် ဝန်ထမ်းများက စပါးရိတ်စက် 4.GL 120 A နှစ်စီးဖြင့် လက်တွေ့ရိတ်သိမ်းပြသကြသည်။ **(၀၃၄)***

တိုက်ကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ စည်းဝေး

တိုက်ကြီး ဒီဇင်ဘာ ၃၀

တိုက်ကြီးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ မျက်နှာစုံညီ အစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ကျင်းပရာ နှစ်ပတ်လည်အစီရင်ခံစာကို အမှုဆောင် ဦးကျော်အေး(မောင်အေးကျော်-အဖျောက်) ကလည်းကောင်း၊ဘဏ္ဍာရေးရှင်းတမ်း အစီရင်ခံစာကို ဘဏ္ဍာရေးမှူးဦးကျော်ဆန်းဦး (ကျော်ငြိမ်းချမ်း)ကလည်းကောင်း ဖတ်ကြားတင်ပြအတည်ပြုကြသည်။

ထို့နောက်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ဦးစီးထုတ်ဝေသည့် ချိုးဖြူမဂ္ဂဇင်း ၂၀၀၉ ထုတ်ဝေဖြန့်ချိခြင်းနှင့် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သောအဖွဲ့ဝင်များ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်သည်။

ယင်းနောက် ၂၀၁၀-၂၀၁၃ ခုနှစ်အတွက် ဦးသောင်းညွန့်(သောင်းညွန့်သစ်) ဥက္ကဋ္ဌ၊ ဦးသန်းဝင်း(လူချော) အတွင်းရေးမှူး၊ ဦးကျော်ဆန်းဦး(ကျော်ငြိမ်းချမ်း) ဘဏ္ဍာရေးမှူး၊ အမှုဆောင်ဦးကျော်အေး (မောင်အေးကျော်-အဖျောက်)နှင့် ဦးဝင်းတင်(မျှဝေ-ဥက္ကံ)တို့ပါဝင်သော အမှုဆောင်အဖွဲ့ကို ပြန်လည်ရွေးချယ်ဖွဲ့စည်းခဲ့သည်။ **(မြို့နယ်စာပေနှင့် စာနယ်ဇင်း)**

မူဆယ်၊ နမ့်ခမ်းနှင့် ကွတ်ခိုင်မြို့များမှ ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်နေမှု ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးစစ်ဆေး

မူဆယ် ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၅ရက် မွန်းတည့် ၁၂ နာရီက မူဆယ်ခရိုင်ရုံးသို့ရောက်ရှိပြီး ရုံးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလမ်းညွှန်ချက်များ လိုက်နာကာ ကျေးရွာစာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူးသည် မူဆယ်ခရိုင်ဦးစီးအရာရှိ ဦးဆန်းဝင်း လိုက်ပါလျက် မူဆယ်မြို့နယ်ကြူကုတ်၌ ဆောက်လုပ်လျက်ရှိသော ကျေးရွာစာကြည့်တိုက်ကို လည်းကောင်း၊ ဒီဇင်ဘာ ၂၆ရက်က နမ့်ခမ်းမြို့နယ် မန်နံခမ်း ကျေးရွာစာကြည့်တိုက် ဆောက်လုပ်နေမှုနှင့် ကွတ်ခိုင်မြို့နယ် နိမ်လွန်ခိုမုန်းကျေးရွာ စာကြည့်တိုက် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံချက်အရ မြို့ပေါ်ရပ်ကွက်များအတွင်း နေ့စဉ်ထွက်ရှိသော အမှိုက်များအား အမှိုက်ကြိတ်စက်ဖြင့် ကြိတ်ခွဲပြီး သဘာဝသစ်ရွက်ဆွေးဇီဝမြေသြဇာထုတ်လုပ်နေမှုကို ဒီဇင်ဘာ ၅ ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်လှုတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကိုယ်ဝန်ဆောင် မိခင်နှင့် မွေးကင်းစကလေးများ ကျန်းမာရေး အသိပညာပေး ဆွေးနွေး

လပွတ္တာ ဒီဇင်ဘာ ၂၉

လပွတ္တာမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် Malteser International အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကိုယ်ဝန်ဆောင်မိခင်နှင့်မွေးကင်းစကလေးသေနှုန်း ကျဆင်းရေးမြို့နယ်အဆင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၈ရက် နံနက် ၁၀နာရီက လပွတ္တာမြို့နယ် ရွှေနဒီခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ခုတင် ၂၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာရဲအေးနှင့်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ Malteser International အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ရဲမှူးအေးရွှေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ဆရာဝန်ကြီးဒေါက်တာရဲဝင်းက ကိုယ်ဝန်ဆောင်မိခင်နှင့် တစ်နှစ်အောက် ကလေးသေဆုံးမှုနှုန်းကျဆင်းရေး၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် Malteser International အဖွဲ့မှ ဒေါက်တာခိုင်စိုးလင်းက မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကာ ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ကျန်းမာရေး)**

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားရှိသော မြို့သာယာလှပရေး လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှက ရှင်းလင်းတင်ပြစဉ်။ (၁၇၆)

တောင်ငူမြို့ ဘုရင့်နောင်ဈေးအတွင်း မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဒီဇင်ဘာ ၁၀ရက်က ကျင်းပရာ မြို့နယ် မီးသတ်ဦးစီးမှူး ဦးအေးသန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးဝင်းဆန်း၊ ဒုတိယဦးစီးမှူး(ဈေး) ဦးစောထိုက်ဝင်းနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးကော်မတီများ စုပေါင်း၍ လက်တွေ့သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

မော်ဘီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စိုးလွင်၏ ကြီးကြပ်မှုဖြင့် မော်ဘီ မြို့မဈေးကြီးအတွင်း၌ ဒီဇင်ဘာ ၂၅ရက်က မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်နေမှုကို ဦးစီးအရာရှိ ဒေါ်ထွေးရီ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းထိုက်စိုးနှင့်အဖွဲ့ မီးဘေးသရုပ်ပြလေ့ကျင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။
✻ RFA, DVB - သွေးထိုးနေသည်။
✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✻ နားမယောင်လေနဲ့ သတိထား။

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ထုတ်ပြန်

အသစ်တီထွင်ထုတ်ပြန်ပြဋ္ဌာန်းခြင်းမျိုးမဟုတ်ဘဲ ပြောင်းလဲလာသည့် ခေတ်စနစ်အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် ပါလီမန်ဒီမိုကရေစီခေတ်က အသုံးပြုခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ယနေ့ခေတ်နှင့်အညီ ပြန်လည်အသုံးပြုပြဋ္ဌာန်း သတ်မှတ်ပေးခြင်းဖြစ်

နေပြည်တော် ဇန်နဝါရီ ၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၀၉)ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၇ရက်တွင် ထုတ်ပြန်ခဲ့သည်။

ပြဋ္ဌာန်းချက်ထုတ်ပြန်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာ၌ ထူးကဲစွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအားလည်းကောင်း၊ ဒို့တာဝန်အရေး သုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကဏ္ဍတို့၌ ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတို့၌ တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့ကြသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ နိုင်ငံနှင့်လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင်

စာမျက်နှာ ၁၀ ကော်လံ ၁ ✻

အထူးထုတ်နှင့် အချပ်ပိုများပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် လွတ်လပ်ရေးနေ့ ရောင်စုံအထူးထုတ်အချပ်ပို လေးမျက်နှာနှင့် အချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု

❖ လက်ချင်း မြဲမြဲတွဲထားကြ
မင်းဟန်၏ ကာတွန်း စာ - ၆

❖ လွတ်လပ်ရေးသစ်ပင် ထာဝစဉ် ရှင်သန်ဖြိုးဝေ တည်တံ့နိုင်ပါစေ
ကိုမြန်မာ၏ ဆောင်းပါး
အထူးကဏ္ဍ - ခ၊ ဂ၊ ဃ

❖ လွတ်လပ်ရေးဆိုသည်မှာ
မြင်းမူမောင်နိုင်မိုး၏ ကဗျာ အထူးကဏ္ဍ - ဃ

❖ သမိုင်းရှိသည့် မြန်မာ
ပျဉ်းမနားမြင့်လှိုင်၏ ကဗျာ စာ - ၆